# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၁၆)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ ၈-၇-၂၀၂၄၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ-တရုတ်နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်

## နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖော်ဆောင်ရေး ဆွေးနွေး




နေပြည်တော် ဇူလိုင် ၇

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Qingdao International Conference Center ရှိ Anren ခန်းမ၌ ကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများ

စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင် ဥက္ကဋ္ဌ မစ္စ ရှန်ယွဲ့ယွဲ့တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ရေပေါ်ရုပ်ပြေး လျှပ်စစ်မော်တော်ဘုတ် ကန်ဒဲလာကုမ္ပဏီက တီထွင်ထုတ်လုပ်ထား

စာမျက်နှာ ၈

ဦးနှောက်အားကောင်းစေရန် ဗီတာမင် ဘီ 6 က စွမ်းဆောင်ပေးနိုင်မည်

စာမျက်နှာ ၁၀

## ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"ဟု ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း မိုးစပါး၊ နွေစပါးသီးနှံ စိုက်ပျိုးထွက်ရှိမှု ပန်းတိုင်ထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းကဏ္ဍများတွင် အားနည်းချက်များ မရှိစေရေးနှင့် တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ပြောင်းလဲရမည်ဖြစ်ပြီး သိပ္ပံနည်းကျစိုက်ပျိုးစနစ်များ ထိရောက်စွာသုံးစွဲနိုင်ရေး၊ ဒေသ၊ ရေ၊ မြေအခြေအနေများအပေါ်မူတည်ပြီး သီးထပ်သီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေးတို့တွင် အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ ရရှိလာမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် တမုတ်ဆိုးကျေးရွာအုပ်စု နွေစပါးစိုက်ခင်းတွင် ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါး စံကွက်ရိတ်သိမ်းမှု ကွင်းသရုပ်ပြအခမ်းအနား၌ ပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နိုင်ငံတော်က စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ရည်မှန်းချက်ပန်းတိုင် ပြည့်မီရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်အပေါ် အခြေခံသော MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေမှုများ၊ တောင်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် စပါးမျိုးစေ့ထုတ်လုပ်ငန်းအစီအစဉ်အား စနစ်တကျအကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်သွားရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် လိုအပ်သည့် နည်းပညာများအား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နွေစပါးစံကွက်အတွင်း ရိတ်သိမ်းခြွေလှေ့ယာဉ်ဖြင့် နွေစပါးရိတ်သိမ်းနေမှုများနှင့် စပါးထွက်ရှိမှုအား ချိန်တွယ်တိုင်းတာနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ခြင်းကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့တွင် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်တွင် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ၊ အခြားလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၂၃ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ထွန်းက ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ ကောက်ခံရခြင်းရည်ရွယ်ချက်နှင့် စားသုံးသူများထံမှ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရသော လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်စေရေးနှင့် ပြစ်ဒဏ်များ၊ အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက မိမိတို့လုပ်ငန်းအမျိုးအစားအလိုက် သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြသည်။

(အပေါ်ပုံ)

ပြည်သူများအနေဖြင့် စားသောက်ဆိုင်တွင် စားသောက်ခြင်း၊ ဟိုတယ်၊ တည်းခိုခန်းတွင် တည်းခိုခြင်း၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ဝယ်ယူခြင်း၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှုရယူခြင်း၊ လက်ကိုင်ဖုန်း၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများဆောင်ရွက်သည့်အခါ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများကို တောင်းခံခြင်းဖြင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကောက်ခံရရှိသည့် အခွန်ငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



# ပုသိမ်ကြီးမြို့နယ်တွင် နွေစပါး(ရွှေသွယ်ရင်)စံကွက်ရိတ်သိမ်း

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နေရှည့ယျကျေးရွာ၊ ကွင်းအမှတ်(၄၅၂)တောင်သူ ဦးအေးသိန်း၏ နွေစပါးစိုက်ကွင်းတွင် ရွှေသွယ်ရင် မျိုးစပါးများ စိုက်ပျိုးထားသည့် စိုက်ခင်းနေရာ၌ ယနေ့ နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

အဆိုပါ နွေစပါး စံကွက်ရိတ်သိမ်းရာတွင် (၀ ဒသမ ၁၀) ဧက စံကွက်ရိတ်သိမ်းရာ၊ တစ်ဧက(၁၃၃ ဒသမ ၂၈)တင်းနှုန်း စပါး(အခြောက်)ထွက်ရှိခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူများသည် တောင်သူများဖြင့် တွေ့ဆုံ၍ ဒေသစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။ (အပေါ်ပုံ)

စံကွက်ရိတ်သိမ်းရာသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်၊ ခရိုင်ဦးစီးမှူး ဦးရဲမင်းသောင်း၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝ၉၅)

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မြို့သန့်ရှင်းသာယာလှပရေးအတွက် အလှည့်ကျအမှိုက်သိမ်းဆည်းခြင်း ဆောင်ရွက်

**အောင်လံ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ပေါ်ရပ်ကွက်များမှ ထွက်ရှိလာသော အမှိုက်များကို အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အလှည့်ကျသိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ခုံးပေါက်များ ရှင်းလင်းခြင်း၊ မိုးရေနှင့်အတူ မျောပါလာသော အမှိုက်နှင့် ဒိုက်များရှင်းလင်းခြင်း၊ ရေမြောင်းအတွင်းမှ ရွှံ့နုန်းများ၊ အညစ်အကြေးများအား ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး စက်မှုလယ်ယာထွန်စက်စခန်းရှေ့ ရေနုတ်မြောင်းမှ မော်တော်ကားတာယာအကြီး ၁၅ လုံး တွေ့ရှိခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရှင်းလင်းဆောင်ရွက်ခဲ့သည်။

(အောက်ပုံ)

သို့ဖြစ်ပါ၍ မြို့နယ်ပြည်သူလူထုများအနေဖြင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ရန်နှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် အဟန့်အတားအနှောင့်အယှက်ဖြစ်စေမည့်ဖြစ်စဉ်များတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

မျိုးသိန်း(ပြန်/ဆက်)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

တက်ရောက်ကြပြီး တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ မစ္စ ရှန်ယွဲ့ယွဲ့ (Ms.Shen Yueyue) နှင့်အတူ ရှန်တုန်းပြည်နယ် ကော်မတီ အတွင်းရေးမှူး မစ္စတာ လင်းဝူ (Mr.Lin Wu)၊ ရှန်တုန်းပြည်နယ် ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် အုပ်ချုပ်ရေးမှူး မစ္စတာ ကျိုးနိုင်ရှောင် (Mr.Zhou Nai-xiang)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အိမ်နီးချင်းကောင်း၊ မိတ်ဖက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စ ဆွေလီ (Cui Li) နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ- တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

**ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကိုအခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးနှင့် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးနှင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုံခြုံရေးအပြည့်အဝရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှု၊ အွန်လိုင်းလောင်းကစားများ ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ နှစ်နိုင်ငံသတင်းအချက်အလက်ဖလှယ်ရယူရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး**

တွေ့ဆုံစဉ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးနှင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုံခြုံရေးအပြည့်အဝရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှု၊ အွန်လိုင်းလောင်းကစားများ ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ နှစ်နိုင်ငံ သတင်းအချက်အလက် ဖလှယ်ရယူရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ဖော်ဆောင်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖော်ဆောင်ရေး၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်တက်ရောက်ရန် ရောက်ရှိနေသည့် ကိုယ်စားလှယ်များနှင့်အတူ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌက Qingdao International Conference Center ရှိ Yellow River ခန်းမ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

သတင်းစဉ်

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုစီမံကိန်းများအတွက် မြန်မာနှင့် ထိုင်းကုမ္ပဏီများ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၇

လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု စီမံကိန်းများအတွက် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် CAG Engineering ကုမ္ပဏီနှင့် ထိုင်းနိုင်ငံလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီများ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ယင်းနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲတွင် မြန်မာပြည်တွင်း ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သူတစ်ဦးဖြစ်သည့် CAG Group of Companies ၏ လုပ်ငန်းတစ်ခုဖြစ်သော CAG Engineering Co., Ltd. နှင့် ထိုင်းနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍမှ နည်းပညာကျွမ်းကျင်သောကုမ္ပဏီများဖြစ်သည့် PEA Encom Co., Ltd.၊ i power Co., Ltd.၊ R & J Co., Ltd.၊ Mega Prime Group၊ Z Carbon တို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးကြခြင်းဖြစ်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများ၊ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ၊ မြေအပူ စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်အတွက် ကနဦးနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်းလည်း သိရသည်။

CAG Engineering Co., Ltd. သည် မြန်မာနိုင်ငံတွင် စုစုပေါင်း ၂၁၀ မဂ္ဂါဝပ်တပ်ဆင်ပမာဏရှိသော ဆိုလာစွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းငါးခုတွင် အဓိကအကောင်အထည်ဖော် ဆောင်ရွက်သူအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် IPP Company တစ်ခုဖြစ်ပြီး အဆိုပါစီမံကိန်းငါးခုအနက်မှ ၉၀ မဂ္ဂါဝပ် တပ်ဆင်ပမာဏရှိသည့် ပထမဆုံးစီမံကိန်းတစ်ခုကို နေပြည်တော်ကောင်စီနယ်မြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကာ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုထက်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့ နောင်နန်း (၈) မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ သွားရောက်အားပေးစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်စဉ်။

မြစ်ကြီးနား ဇူလိုင် ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲက လှူဒါန်းသည့် ကျား/မ ရှပ်အင်္ကျီများ၊ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သည့် ငွေကျပ် ၉၄၃၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၊ ငါးသေတ္တာ လေးဖာ၊ ခေါက်ဆွဲခြောက် ၂၄၃ ဖာ၊ ဆီ ၁၀ ပိဿာပုံး ၂၀ နှင့် ရေသန့်ဘူးများ စသည့် အခြေခံ စားသောက်ကုန်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့သည့် ငွေကျပ် ၂၇၆၈၉၀၀၀ တန်ဖိုးရှိ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ စသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရ၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှုများ၊ ကျန်းမာရေးနှင့် စပ်လျဉ်း၍ ကူးစက်ရောဂါများ မဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရန်များနှင့် စခန်းနေသူများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော မေလနှင့်ဇွန်လက မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့သို့ရောက်ရှိလာသော တိုက်ပွဲရှောင် အိမ်ထောင်စု ၂၅၃၇ စုမှ လူဦးရေ ၁၂၄၂၇ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၅၂၁၉၃၄၀၀ ကို ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ မြစ်ရေကြီးမြင့်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ မြေနိမ့်ပိုင်းနေရာတစ်ခုဖြစ်သည့် ရမ်ပူရပ်ကွက် နယ်မြေ (၁၁)အတွင်း နေအိမ်များအတွင်း မြစ်ရေဝင်ရောက်ခဲ့မှု၊ နုန်းမြေများ တင်ကျန်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်ပေါ်ပေါက်ပါက ပြည်သူများ အမြန်ဆုံးဘေးလွတ်ရာသို့ ဖယ်ရှားနိုင်ရေး အသိပညာပေးခြင်းနှင့်ဆွေးနွေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ နယ်မြေခံ သင်တန်းကျောင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် မင်းမင်းစိုးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူး၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးတို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## Southeast Asian Amateur Golf Team Championship 2024

## ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်း စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၇**

ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ စင်ကာပူနိုင်ငံ Seletar Country Club ၌ကျင်းပမည့် Southeast Asian Amateur Golf Team Championship 2024 ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက် အားကစားအသင်းသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အားကစားအသင်းတွင် အဖွဲ့ခေါင်းဆောင်နှင့် Lion City Cupပြိုင်ပွဲဝင်အသင်း မန်နေဂျာအဖြစ် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအောင်ကိုဇော်၊ Putra Cupပြိုင်ပွဲဝင် အသင်းမန်နေဂျာအဖြစ် ထိုင်းပရော်ဖက်ရှင်နယ်ဂေါ့ဖ်ကစားသမား Tanapat Pichaikool၊ Kartini Cup ပြိုင်ပွဲဝင်အသင်းမန်နေဂျာအဖြစ် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် အားကစားအဖွဲ့ ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်မိုးတို့ လိုက်ပါသွားပြီး အားကစားသမားများအဖြစ် Putra Cup ပြိုင်ပွဲဝင်အသင်းတွင် ကျော်ကိုကိုချစ်၊ လှိုင်မင်းထက်၊ မင်းစစ်သွေးနှင့် ဟိန်းနိုင်ဇင်၊ Lion City Cut ပြိုင်ပွဲဝင်အသင်းတွင် ကောင်းထက်၊ မင်းခန့်သော်နှင့် Locadio K၊ Kartini Cup ပြိုင်ပွဲဝင်အသင်းတွင် ချိုသာအောင်လက်ျာလေးဖြူနှင့် ဆုနှင်းဖြူတို့ ပါဝင်သည်။




**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MGF**

0-0-0-0-0

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ထီလာမောင်ဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူး၍ ထီလာမောင်ဖလား အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၆ ရက် ညနေပိုင်းက မိတ္ထီလာခရိုင်အားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မိတ္ထီလာတပ်နယ်မှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အခမ်းအနား၌ တက်ရောက်လာကြသူများက ကန်တော်အသင်းနှင့် ရွှေလွန်းပျံအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုများ၊ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသူ၊ သင်တန်းသားများက အိန္ဒိယနိုင်ငံ၏ ရိုးရာအားကစားနည်းဖြစ်သည့် (India Club) တင်းပုတ်ကစားနည်းဖြင့် သရုပ်ပြကစားပြသမှုများ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မိတ္ထီလာတပ်နယ်မှူးနှင့် တာဝန်ရှိသူများက တင်းပုတ်ကစားနည်းဖြင့် သရုပ်ပြကစားပြခဲ့သည့် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲ၌ ကန်တော်အသင်းနှင့် ရွှေလွန်းပျံအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း တစ်ဖက် ၁ ဂိုးစီဖြင့် သရေကျခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ရွှေလွန်းပျံအသင်းက ကန်တော်အသင်းကို ၅ ဂိုး ၃ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ငှင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထီလာမောင်ဖလား အမျိုးသား(အလွတ်တန်း)၊ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၌ ပထမဆုရရှိသည့် ရွှေလွန်းပျံအသင်းအား တံခွန်စိုက်ဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ မိတ္ထီလာတပ်နယ်မှူးက ပထမဆုရရှိသည့် ရွှေလွန်းပျံအသင်းမှ အားကစားသမားတစ်ဦးချင်းစီအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများအား ငွေသားဆုများနှင့် အားကစားသမားတစ်ဦးချင်းစီအား ဆုတံဆိပ်များကို လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု၊ ရှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်းအကောင်းဆုံးဆုနှင့် ဂိုးသမားအကောင်းဆုံးဆုရရှိကြသူတို့အား ဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၂၁၉ သန်းဖြင့် မိတ္ထီလာမြို့နယ်(စက်မှုဇုန်-၃) ရပ်ကွက်၊ ရန်-မန်းလမ်းထိပ်မှ မိတ္ထီလာမြို့စီးပွားရေးတက္ကသိုလ် အဝင်လမ်းအထိအရှည် ပေ ၂၄၀၀ နှင့် လမ်းသားတစ်ဖက် ၆ ပေစီ ကတ္တရာလမ်းချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုများ၊ မိတ္ထီလာမြို့နယ်အတွင်း ရန်-မန်းလမ်းမကြီးဘေး သစ်ပင်ကြီးများအား အလင်းဖွင့်ခြင်း၊ ခုတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းနေမှုများ၊ မိတ္ထီလာမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ကျောင်းဆောင်အဟောင်းနေရာတွင် အသစ်ပြန်လည်ဆောက်လုပ်ရန်ဆောင်ရွက်နေမှုများ၊ မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဥပမိရပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ရွှေမန်းမောင်/မယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ တိုင်းဒေသကြီးကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ ကြီးမှူး၍ ၂၀၂၄ခုနှစ် ရွှေမန်းမောင်/မယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြင့်နှင့်ကော်မတီဝင်များ၊ အမှတ်ပေးဒိုင်များ၊ ပြိုင်ပွဲဝင်များ၊ စိတ်ပါဝင်စားသူများ၊ ဝါသနာရှင်များ၊ iFIT Co.,Ltdမှ တာဝန်ရှိသူများနှင့် ကူညီပါဝင်ဆောင်ရွက်ခဲ့သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲကို နံနက်ပိုင်းမှ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲ၌ ရွှေမန်းမောင် 70 Kg အထက် ပြိုင်ပွဲဝင် ၁၆ ဦး ၊ ရွှေမန်းမောင် 70 Kg အောက် ပြိုင်ပွဲဝင် ၁၇ ဦး၊ Men's Athletic Physique ပြိုင်ပွဲဝင် ၂၇ ဦး ၊ Men's Sports Physique (170 cm) အထက်ပြိုင်ပွဲဝင် ၂၂ ဦး ၊ Men's Sports Physique(170 cm)အောက်ပြိုင်ပွဲဝင် ၁၄ ဦး၊ Women's Model Physique (160)cm အထက်ပြိုင်ပွဲဝင် ၆ ဦး ၊ Women's Model Physique (160)cm အောက်ပြိုင်ပွဲဝင် ၆ ဦး ၊ Women's Athletic Physique ပြိုင်ပွဲဝင် ၅ ဦးနှင့် အလွှတ်တန်း ကာယဗလမောင်ပြိုင်ပွဲဝင် ၅ ဦးတို့က သက်ဆိုင်ရာပြိုင်ပွဲ အမျိုးအစားအလိုက် သတ်မှတ်ကိုယ်ဟန်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အလွှတ်တန်း ကာယဗလမောင်ပြိုင်ပွဲတွင် ရွှေမန်းမောင်ဆုရရှိသော မောင်ချမ်းမြေ့ထွန်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက Women's Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသော မဝါဝါအောင်အား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**











သတင်း-စာမျက်နှာ ၅




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

MANDALAY


# ကျောက်ဆည်မြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း

**ကျောက်ဆည် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာ၊ ကွင်းအမှတ်(၁၄၉)၊ ဦးပိုင်အမှတ်(၁၀၃/၂)၊ တောင်သူဦးအေးလွင်၏ နွေစပါး GW-11 မျိုးစံပြရိတ်သိမ်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ အစိုအထွက်နှုန်း(၁၅၀)တင်း ထွက်ရှိသည်။

စံပြရိတ်သိမ်းပွဲ အခမ်းအနားသို့ ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မြင့်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ဝန်ထမ်းများ၊ ဒေသခံစပါးစိုက်တောင်သူများ စုစုပေါင်း အင်အား(၅၈)ဦး တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ကျောက်ဆည်မြို့နယ်အနေဖြင့် စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းထွက်ရှိစေရေးအတွက် စပါးများကို သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် ထွက်ရှိကြောင်းကို ကိုယ်တိုင်လေ့လာသိရှိနိုင်ရန် စံကွက်ရိတ်သိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးမြင့်အောင်က ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်း ဆန်စပါးဖူလုံရေးအတွက် GW-11(၁၅၁)ဧက၊ ရွှေမနော်(၁၉၅၄) ဧက၊ မနောသုခ(၁၂၅)ဧက၊ ဆင်းသုခ(၈၀)ဧက စုစုပေါင်း နွေစပါး(၂၃၁၀)ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၅)**



## ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်း တတိယလေးလအတွင်း အစိုးရ၏မျှော်မှန်းချက် ပြောကြား



**ဟနွိုင်း ဇူလိုင် ၇**

ဗီယက်နမ် ဝန်ကြီးချုပ် ဖမ်မင်ချင်းက ယခုနှစ် တတိယလေးလအတွင်း အစိုးရ၏မျှော်မှန်းချက်နှင့်ပတ်သက်၍ ဇူလိုင် ၆ ရက်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိတို့နိုင်ငံ၏ ဂျီဒီပီသည် ပထမလေးလအတွင်း ၅ ဒသမ ၈၇ ရာခိုင်နှုန်း၊ ဒုတိယလေးလအတွင်း ၆ ဒသမ ၉၃ အထိ တိုးမြင့်ခဲ့ပြီးဖြစ်ရာ တတိယလေးလအတွင်း ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်း အကြား ဆက်လက်တိုးမြင့်ရန် အစိုးရက မျှော်မှန်းထားကြောင်း ၄င်းက ထုတ်ဖော်ပြောကြားသည်။

ဗီယက်နမ်အစိုးရအနေဖြင့် ဘဏ္ဍာရေးမူဝါဒကို ဖြန့်ကြက်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏကို မြှင့်တင်ခြင်းဖြင့် ဂျီဒီပီတိုးတက်လာအောင် ကြံဆောင်ခဲ့ခြင်းဖြစ်သည်။

ငွေကြေးဖောင်းပွမှုပမာဏ လျှော့ကျအောင်လည်း ဗီယက်နမ်အစိုးရက ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ရာ ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုရာခိုင်နှုန်း ၄ ဒသမ ၅ အောက်သို့ ကျဆင်းရန် မျှော်မှန်းထားသည်ဟု ဝန်ကြီးချုပ်ဖမ်မင်ချင်းက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## ကင်မ်ချီကြောင့် လူပေါင်း ၁၀၀၀ ခန့် အဆိပ်သင့်မှုဖြစ်ပွား တောင်ကိုရီးယားရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေ



**ဆိုးလ် ဇူလိုင် ၇**

တောင်ကိုရီးယားနိုင်ငံ နမ်ဝမ်မြို့တွင် ယခင်အပတ်က ကိုရီးယားရိုးရာ ကင်မ်ချီလက်လုပ်ချဉ်စားသုံးသူ ၁၀၀၀ ဦးခန့် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည်။

ထိုအစာအဆိပ်သင့်မှုတွင် စာသင်ကျောင်း ၂၄ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများပါဝင်လာခဲ့ပြီးနောက် တစ်နိုင်ငံလုံး အထိတ်တလန့် ဖြစ်ခဲ့ရသည်။

မြို့သူမြို့သားများအားလုံး အလားတူ အစာအဆိပ်သင့်မှု ထပ်မံကြုံတွေ့ရခြင်းမရှိစေရန် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများဘက်မှလည်း စစ်ဆေးဆောင်ရွက်မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း နမ်ဝမ်မြို့တော်ဝန်က ထုတ်ဖော်ပြောကြားသည်။

ထိုကင်မ်ချီကို ဓာတ်ခွဲစစ်ဆေးသောအခါ မသန့်ရှင်းသော အိမ်သာထဲ၌ တွေ့ရလေ့ရှိသည့် နိုရိုဗိုင်းရပ်စ်ကို တွေ့ရကြောင်း ကျန်းမာရေးဌာနက သတင်းထုတ်ပြန်သည်။

ယင်းဗိုင်းရပ်စ်ပိုး ကင်မ်ချီထဲသို့ စတင်ဝင်ရောက်သွားပုံကို ဖော်ထုတ်နိုင်ရန် တောင်ကိုရီးယားရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**Mon**

## INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ရေပေါ်ရှုပ်ပြေး လျှပ်စစ်မော်တော်ဘုတ် ကန်ဒဲလာကုမ္ပဏီက တီထွင်ထုတ်လုပ်ထား



**စတော့ဟုမ်း ဇူလိုင် ၇**

ဆွီဒင်အခြေစိုက် ကန်ဒဲလာကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော ရေပေါ်ရှုပ်ပြေးလျှပ်စစ်မော်တော်ဘုတ်ကို ဥရောပနှင့် အမေရိကန်ဈေးကွက်များတွင် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကန်ဒဲလာစီ-၈ပိုးလ်စတားဟု အမည်ပေးထားသော အဆိုပါ လျှပ်စစ်မော်တော်ဘုတ်သည် စက်နှိုးထားပြီးနောက် စတင်မောင်းနှင်လိုက်လျှင် ရေပေါ်သို့ အလိုအလျောက် ကြွတက်လာသဖြင့် စီးနင်းလိုက်ပါသူများကို ပိုမိုငြိမ့်ညောင်းစေသည်။

ထိုလျှပ်စစ်မော်တော်ဘုတ်ကို တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံအရှေ့ပိုင်း စိုင်ယွမ်ဒေသတစ်နေရာ၌ လေဆင်နှာမောင်းကြောင့် အိမ်ခြေ ၂၈၂၀ ပျက်စီး

**ပေကျင်း ဇူလိုင် ၇**



တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တောင်းပြည်နယ် စိုင်ယွမ်ဒေသတစ်နေရာ၌ ဇူလိုင် ၆ရက်က အင်အားပြင်းလေဆင်နှာမောင်းတိုက်ခတ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်၊

ထိုလေဆင်နှာမောင်းကြောင့် စိုင်ယွမ်ဒေသတစ်ဝန်းရှိ လူနေအိမ်ခြေပေါင်း ၂၈၂၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း တရုတ်အစိုးရသတင်းဌာနများက ဖော်ပြသည်။

လွန်ခဲ့သောဧပြီလကလည်း တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ကျိုးမြို့အတွင်းသို့ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူ ၅ဦးထက်မနည်း သေဆုံးပြီး ၃၃ ဦး ဒဏ်ရာရရှိခဲ့သည်။

လေဆင်နှာမောင်းများကို အမေရိကန်ပြည်ထောင်စုတွင် အတွေ့ရများပြီး တရုတ်နိုင်ငံတွင် တစ်နှစ်လျှင် အကြိမ်ရေ ၁၀၀ခန့်သာ တိုက်ခတ်လေ့ရှိသည်။

၁၉၆၁ခုနှစ် နောက်ပိုင်း တရုတ်နိုင်ငံ၌ နှစ်ပေါင်း ၅၀ အတွင်း လေဆင်နှာမောင်းများ တိုက်ခတ်သဖြင့် လူ ၁၇၇၂ ဦးသာ သေဆုံးခဲ့ဖူးကြောင်း သိရသည်။

**Mon**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြစ်ရေလျှံရေကြီးမှုဖြစ်ပွား လူပေါင်း ၂သန်းခန့် ရေဘေးသင့်၊ လူ ၈ ဦး သေဆုံး

**ဒက္ကာ ဇူလိုင် ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် မြစ်ရေလျှံရေကြီးမှုဖြစ်ပွားရာမှ လူပေါင်း ၂ သန်းခန့် ရေဘေးသင့်ခဲ့ပြီး လူ ၈ ဦး သေဆုံးခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လူဦးရေ သန်း ၁၇၀ခန့် ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် မြစ်အစင်းရေ ၁၀၀ ကျော်မှာ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ကာ လျှံထွက်ကျလာခဲ့ခြင်းဖြစ်သည်။

ရေဘေးလွတ်ရာသို့ လှေငယ်ကို လှော်ခတ်ပြီး ထွက်လာကြစဉ် လှေနစ်မြုပ်မှုဖြစ်ပွားရာမှ ရေမကူးတတ်သောကလေးများသေဆုံးခဲ့ရကြောင်း ဒေသခံများက ပြောကြားသည်။

အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုအခြေအနေဆိုးရွားခဲ့ရာ အစိုးရက ယာယီခိုလှုံရေးစခန်းများဖွင့်လှစ်ကာ ရေဘေးသင့်သူများကို လက်ခံစောင့်ရှောက်ပေးထားသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုတ်သုံမိုး ပုံမှန်ထက်ပိုမိုသည်းထန်ကာ ယင်းကဲ့သို့ မြစ်ရေလျှံရေကြီးမှုဖြစ်ပွားနေခြင်း ဖြစ်ကြောင်း သိရသည်။

**Mon**

## ယူကရိန်းနိုင်ငံ အနောက်ပိုင်းဒေသတွင် ကုန်ကားက မီနီဘတ်စ်ကို ဝင်တိုက်မှုဖြစ်ပွား



**ကီယက်ဗ် ဇူလိုင် ၇**

ယူကရိန်းနိုင်ငံအနောက်ပိုင်းဒေသတွင် ဇူလိုင် ၆ရက်၌ ကုန်ကားက မီနီဘတ်စ်ကိုဝင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ရီဗင်းဒေသ ဗာခိဗ်ကျေးရွာအနီးတွင် အဆိုပါ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်း အရေးပေါ်ဝန်ကြီးဌာနက အတည်ပြုသည်။

အခင်းဖြစ်စဉ် သေဆုံးခဲ့သူ ၁၄ ဦးအတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းသည်ဟု သမ္မတဇေလင်စကီးက ၄င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားကြောင်း သိရသည်။

**Mon**



ပြင်သစ်နိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲအတွက် ဇူလိုင် ၆ ရက်က ဒုတိယအကျော့ မဲပေးနေစဉ်။

**Mon**

**STOP AIDS**

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှီးနှောဆွေးနွေး

**မကွေး ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ဧရာဝတီမြစ်ကမ်းဘေး တစ်လျှောက် မြစ်ကမ်းဘေး မြေနိမ့်ပိုင်းနေထိုင်သော အိမ်ထောင်စုများအား ရေဘေးကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေးနှီးနှောဆွေးနွေးခြင်းကို ယမန်နေ့ ညနေပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးစီး၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကြက်ခြေနီနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ မြစ်ကမ်းဘေး မြေနိမ့်ပိုင်းတွင် နေထိုင်သော မြို့ဟောင်းရပ်ကွက်၊အောင်မေတ္တာရပ်ကွက်နှင့် မြင်းကင်းကျေးရွာမှ အိမ်ထောင်စုများအား ရေကြီးရေလျှံမှုများ ဖြစ်ပွားလာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် နည်းလမ်းများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေးဆောင်ရွက်ရန် နည်းလမ်းများကို အသိပညာပေး နှီးနှောဆွေးနွေးခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ရေကြီးရေလျှံမှုနှင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး သန္နွေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပွဲ့လေ့ကျင့်မှု ကြည့်ရှု

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့ ကမ်းနားလမ်း၊ ဧရာဝတီမြစ်အတွင်း မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို ဦးဆောင်၍ မန္တလေး(၇)မြို့နယ်မီးသတ်ဦးစီးမှူးများ၊သန္နွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့၍ လေ့ကျင့်နေမှုများအား ဇူလိုင် ၆ ရက် နံနက် ၈ နာရီက အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းတို့က အနီးကပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်ဧရာဝတီမြစ်ကမ်းဘေးရေကြီးရေလျှံနိုင်သောနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ မောတွိကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် အားဟူဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားဟူ(၅၇)နှစ်ဆိုသူအား ဟောင်လိတ် နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မဟာအောင်မြေမြို့နယ်တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**မန္တလေး ဇူလိုင် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်တွင် ကတ်တမင်း အလေးချိန် တစ်ကီလို၊ Happy Water အလေးချိန်၁၁သမ ၂၇၅ကီလို ရောင်းချသုံးစွဲသူတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၄ ရက် ညနေ ၅နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၉) မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မဟာမြိုင်(၁)ရပ်ကွက်၊ ၄၁လမ်း ၆၅လမ်းနှင့် ၆၆လမ်းကြားတွင် တွေ့ရှိသူ မျိုးပပအောင်ဆိုသူအား တားဆီး၍ ရှာဖွေစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာမှ ဂျပ်စက္ကူပုံးများအတွင်း ပလတ်စတစ်ကြွပ်ကြွပ်အိတ်အမည်း အကြည်ရောင်တိပ်များဖြင့် ပတ်ထုပ်ထားသည့် စိတ်ပြောင်းဆေးဝါးများဖြစ်သော ကတ်တမင်းအလေးချိန် တစ်ကီလိုနှင့် Happy Water အလေးချိန် ၁၁သမ ၂၇၅ ကီလိုအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



အဆိုပါ မူးယစ်ဆေးဝါး စိတ်ပြောင်းဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ မျိုးပပအောင်(၂၇)နှစ်ဆိုသူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၇)

## မိုးသည်းထန်စွာ ရွာသွန်း၍ သစ်ပင်လဲကျ ရှင်းလင်း ဖယ်ရှား

**ချောက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊အမှတ်(၅)နယ်မြေ၊ သစ်ညိုကုန်းရပ်ကွက်အတွင်း ဇူလိုင် ၄ ရက် ညနေ ၄နာရီ ၁၀ မိနစ်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ စလေ-ရှင်ပင်စာကြိုလမ်းတွင် သစ်ကိုင်းများ ပိတ်မိနေကြောင်း သတင်းရရှိသဖြင့် ချောက်မြို့နယ်၊ စလေနယ်မြေ မီးသတ်စခန်းတာဝန်ခံ ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးသန္နွေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။ (၀၄၅)


### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်းယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။


## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် ညနေ ၅ နာရီခွဲတွင် သက်သေများနှင့်အတူ တောင်ကြီးမြို့နယ်၊ရွှေညောင်မြို့၊ မင်္ဂလာဗဟိုရပ်ကွက်၊ပြည်ထောင်စုလမ်းတွင် ရဲမင်းထွန်းဆိုသူအား စက္ကူဂျပ်ဖာများနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စက္ကူဂျပ်ဖာများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၆ နာရီ ၁၀မိနစ်တွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ရဲဝင်းသက်ဆိုသူအား သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ရဲမင်းထွန်း(၄၄)နှစ်နှင့် ရဲဝင်းသက်(၂၃)နှစ်ဆိုသူတို့အား ရွှေညောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

*-*-*-*-*-*-*



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Wang Yibo က အကြောက်တရားကို ထိပ်တိုက်ရင်ဆိုင်ခဲ့

တရုတ်အနုပညာရှင် Wang Yibo သည် အမှောင်ကြောက်သူတစ်ဦးဖြစ်ပြီး ထိုအကြောက်တရားကို ထိပ်တိုက်ရင်ဆိုင်ခဲ့သည်ဟု ပြောကြားထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

WangYibo သည် လူတိုင်းခံစားရသည့် အကြောက်တရားတွင် အမှောင်ကြောက်သူတစ်ဦးဖြစ်သော်လည်း ရိုက်ကူးရေးတွင် အမှောင်ခန်းများ ရိုက်ကူးရာ၌ ကြောက်ရွံ့နေခြင်းကို တိုက်ဖျက်ပြီး ပုံစံသစ်ပြရန် အကောင်းဆုံးနည်းလမ်းဖြစ်၍ ရိုက်ကူးခဲ့သည်ဟု ပြောကြားထားသည်။



Wang Yibo ၏ 'အကြောက်တရားကို ထိပ်တိုက်ရင်ဆိုင်လိုက်ပါ'ဟူသော စကားက ပရိသတ်များအတွက် ရင်ဆိုင်ပြီး ပုံစံသစ်ကိုပြသရန် ခွန်အားဖြစ်စေခဲ့သည်။

အမှောင်ကြောက်သော Wang Yibo က မီးဖွင့်အိပ်တတ်သူဖြစ်ကာ ရိုက်ကူးရေး အမှောင်ခန်းများကို စိန်ခေါ်၍ အကြောက်တရားကို ရင်ဆိုင်၍ ထိပ်တိုက်တွေ့ခဲ့သဖြင့် အမှောင်မကြောက်သူ တစ်ဦးအဖြစ် မြင်တွေ့ကြရသည်။ **(SKY)**

## Billie Eilish က RM နှင့် J Hope တို့နှင့် ခင်မင်ရင်းနှီး

ကမ္ဘာကျော်အဆိုတော် Billie Eilish ၏ ဂီတပွဲကို ဆိုးလ်မြို့တွင် ကျင်းပခဲ့စဉ်က BTS အဖွဲ့ဝင် RM နှင့် J Hope တို့ သွားရောက်အားပေးခဲ့ကြပြီး ရင်းနှီးခင်မင်မှုရှိခဲ့ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လွန်ခဲ့သောနှစ်နှစ်က ဆိုးလ်မြို့တွင် ဂီတပွဲကျင်းပခဲ့သော Billie Eilish ၏ပွဲတွင် ရှေ့ဆုံးတန်းမှ RM ခေါ် Kim Namjoon နှင့် J Hope ခေါ် Jung Ho-seok တို့ သွားရောက်အားပေးခဲ့ကြရာမှ ခင်မင်ရင်းနှီးခဲ့ကြခြင်းဖြစ်သည်။

Billie Eilish က ရှေ့ဆုံးတန်းမှ အားပေးနေသူနှစ်ဦးအတွက် ဂုဏ်ယူခဲ့ပြီး သူတို့နှစ်ဦးကို ဂီတစွမ်းရည်ပြည့်ဝကြ၍ သဘောကျကြောင်း ပြောကြားခဲ့ပြီး ရင်းနှီးစွာ ဓာတ်ပုံအတူရိုက်ထားသောပုံကို ပြန်လည် မျှဝေပေးထားသည်။

Billie Eilish ကို ကျော်၍ အဖွဲ့ဝင် Kim Taehyung Type 1 မှာ နံပါတ်တစ်နေရာ ရရှိထားခြင်းအပေါ်လည်း BTS အဖွဲ့ဝင်ဖြစ်၍ ဝမ်းသာနေသည်။ **(SKY)**



## ဦးနှောက်အားကောင်းစေရန် ဗီတာမင် ဘီ 6 က စွမ်းဆောင်ပေးနိုင်မည်

ဂျာမနီနိုင်ငံ ဝါးဇဘတ်ဆေးတက္ကသိုလ်မှ မာရီယန်ဘရင်နာ ဦးဆောင်သော သုတေသီများ ဗီတာမင် ဘီ 6 ၏ အာနိသင်အကြောင်းကို မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ဓာတ်ခွဲခန်းကြွက်များကို ဗီတာမင် ဘီ 6 တိုက်ကျွေးခြင်းဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ ဦးနှောက်၏ စွမ်းဆောင်မှု အားကောင်းလာစေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ဦးနှောက်အတွင်းရှိ အာရုံကြောဆဲလ်များထဲ၌ ဗီတာမင် ဘီ 6 ပမာဏ တိုးမြင့်လာလျှင် ဦးနှောက်စွမ်းဆောင်ရည် မြင့်တက်လာမည်သာဖြစ်ကြောင်း မာရီယန်ဘရင်နာက ရှင်းပြသည်။

အဆိုပါသုတေသီများ၏ ဗီတာမင် ဘီ 6 နှင့် သက်ဆိုင်သော လေ့လာတွေ့ရှိချက်အသေးစိတ်ကို အီးလိုက်ဖ်ဂျာနယ်တွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

**SCI**

## 2NE1 အဖွဲ့နှင့် YG CEO တို့ ဆွေးနွေးပွဲ ကျင်းပရန် စီစဉ်နေ

ကမ္ဘာကျော်ကေပေါ့ပ်အဖွဲ့ 2NE1 အဖွဲ့ဝင်လေးဦးနှင့် YG Entertainment CEO Yang Hyun suk တို့ ဆွေးနွေးပွဲတစ်ခု ကျင်းပစီစဉ်နေ၍ ပရိသတ်များက 2NE1 ဂီတဖျော်ဖြေပွဲ ပြန်လာလိမ့်မည်ဟု မှတ်ချက်ပေးထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

2NE1 အဖွဲ့ဝင်များ အဖွဲ့ပြိုကွဲခဲ့ပြီးနောက် တစ်ကိုယ်တော်ဂီတလှုပ်ရှားမှုများနှင့် မြင်တွေ့ခဲ့ကြရပြီး အမေရိကန်ဂီတလောကသို့ ရောက်ရှိနေသည့် အဖွဲ့ခေါင်းဆောင် CL က ပြန်လည် စုစည်း၍ ဂီတပွဲပြုလုပ်ခဲ့သည်။

အဖွဲ့ဝင် Dara ခေါ် Sandara Park ကလည်း ဂီတပွဲများ တစ်ကိုယ်တော်ပြုလုပ်နေကာ Park Bom ကလည်း ကျန်းမာရေးအတွက် အဓိကထားခဲ့ပြီး ဂီတသစ်များ ချပြထားကာ Minzy ကလည်း ဂီတအဖွဲ့နှင့်အတူ လှုပ်ရှားနေရာမှ လေးဦးသားနှင့် YG ၏ CEO Yang Hyun-suk နှင့် ဆွေးနွေးမှုပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

သူတို့၏ တွေ့ဆုံမှုမှတစ်ဆင့် ၁၅ နှစ်မြောက် အထိမ်းအမှတ် ဂီတပွဲဖြစ်လာမည်ဟု ပရိသတ် မျှော်လင့်နေကြသည်။ **(SKY)**





## Zhao Jinmai ၏ The Princess Royal ကို ပရိသတ် စိတ်ဝင်စားမှုမြင့်မား



တရုတ်အနုပညာရှင် Zhao Jinmai ပါဝင်ထားသည့် The Princess Royal မှာ Poster ထွက်ရှိလာရာ ပရိသတ်စိတ်ဝင်စားမှု မြင့်မားလောက်အောင် ဆွဲဆောင်အားပြင်းခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရာဇဝင်ဇာတ်လမ်းတွဲတစ်ပုဒ်ဖြစ်ပြီး ဘုရင့်သမီးတော်ဟန်ပန်အပြည့်နှင့် Zhao Jinmai က ပရိသတ်ကို ဖမ်းစားထားပြီး ဇာတ်ကို ဦးဆောင်ထားသည်။

တော်ဝင်သမက်တော် Zhang Linghe ကို ခန့်ညားချောမောမှု အရှိန်အဝါအပြည့်နှင့် မြင်တွေ့ကြရမည်ဖြစ်ပြီး နမူနာပြသမှု၊ Poster ဆွဲဆောင်မှုတို့နှင့် ပရိသတ်ကြား ရေပန်းစားနေသည်။

မကြာမီပြသတော့မည်ဖြစ်၍ Youku ၏ နွေရာသီဇာတ်လမ်းတစ်ပုဒ်ကို စောင့်မျှော်နေကြသည်။ **(SKY)**

## BTS မှ Jung Kook က Asian Soloist Record ကို ဆက်လက်ထိန်းထား

BTS မှ Jung Kook ၏ Never Let Go တစ်ကိုယ်တော်သီချင်းသည် တစ်ပတ်အတွင်း Billboard HOT 100 ဇယားတွင် ပါဝင်ခဲ့ပြီး သူ၏သီချင်းနှစ်ပုဒ်မှာ Asian Soloist Record ကို ထိန်းထားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jung Kook မှာ သင်တန်းမတက်မီကပင် ပြင်ဆင်ထားသော အဆိုပါသီချင်းကို သင်တန်းတက်ချိန်မှ ထုတ်လုပ်ခဲ့၍ CD မရှိ၊ MV မရှိ၊ Digital လည်း ဝယ်စရာမရှိဘဲ နှစ်ရက်အလိုမှ Tracking ပြည့်ရန် ထုတ်ပေးခဲ့သော ကုမ္ပဏီမှာ Weverse နှင့် Twitter တွင် စာတင်၍ ပျောက်ကွယ်သွားခဲ့သည်။

အမေရိကန်ပရိသတ် အခိုင်အမာရရှိထားသော Jung Kook ၏ ပရိသတ်အားပေးမှုနှင့် Billboard HOT 100 ဇယားကို ရောက်ရှိခဲ့ခြင်းဖြစ်သည်။

Jung Kook သည် Spotify Solo Profile ရရှိထားသည့် ၂၀၂၂ ခုနှစ်မှစ၍ ၂၀၂၄ ခုနှစ်အတွင်း နှစ်တစ်နှစ်ချင်းထိ Billboard HOT 100 Entry ရရှိထားကာ ၂၀၂၄ ခုနှစ်တွင် Standing Next To You နှင့် Never Let Go နှစ်ပုဒ်နှင့် HOT 100 ထဲတွင်ဝင်ပြီး Asian Soloist Record ကို ဆက်လက်ထိန်းထားခဲ့သည်။**(SKY)**



## Black Pink မှ Rose က The Black Label နှင့် စာချုပ် ချုပ်ဆို

Black Pink အဖွဲ့ဝင် Rose သည် The Black Label နှင့် စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာချက် ထုတ်ပြန်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Rose နှင့် စာချုပ် ချုပ်ဆိုမှုကို Black Label က အနုပညာရှင် Rose နှင့် စီမံခန့်ခွဲမှု စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း Producer Teddy နှင့် Rose မှာ ကာလရှည်ကြာစွာ လက်တွဲလုပ်ဆောင်ခဲ့ကြပြီး ခိုင်မာယုံကြည်မှုများကြောင့် Rose က စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု တရားဝင်ကြေညာထားသည်။


Rose သည် သီချင်းသစ်များနှင့်အတူ ကမ္ဘာအနှံ့ပရိသတ်တွေ့ဆုံနှုတ်ဆက်ရန် ပြင်ဆင်နေပြီး Global Record Label နှင့်အတူ သီချင်းသစ်ထုတ်ရန် စီစဉ်နေသည်။

ထူးခြားသောအသံကာလာပိုင်ရှင် Rose ၏ အနုပညာလှုပ်ရှားမှုများအတွက် လွတ်လပ်စွာ လှုပ်ရှားခွင့်နှင့်အတူ ထောက်ပံ့ပေးကာ နာမည်ကျော် Producer Teddy နှင့် YG လက်အောက်ခံ Agency အဖြစ် ဆက်လက်လှုပ်ရှားသွားမည်ဖြစ်သည်။ **(SKY)**






## ဒါဝင်နူးနက်ဇ် အသင်းတွင်ဆက်ရှိသွားမည်ဟု နည်းပြ အာနီဆလော့ပြောကြား



**လီဗာပူး ဇူလိုင် ၇**

တိုက်စစ်မှူး ဒါဝင်နူးနက်ဇ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလ များသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ အာနီဆလော့က အတည်ပြု ပြောကြားခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းကအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဒါဝင်နူးနက်ဇ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ ပွဲ ကစားပြီး ၃၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လီဗာပူးအသင်းနည်းပြ အာနီဆလော့က ဒါဝင်နူးနက်ဇ် အသင်းမှာပဲ ဆက်ရှိမှာပါ။ သူ ကစားပုံကို ကျွန်တော်ကိုယ်တိုင်လည်း နှစ်သက်ပါတယ်။ သူဟာ အသင်းအတွက် အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါဝင်ဦးမှာပါ။ သူ့အနေနဲ့လည်း အသင်းအပေါ် များစွာ အကျိုးပြုနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်ဟု ပြောသည်။

**(အပေါ်ဝဲပုံ)**

**(NGB)**




## အလီရှာလီမန်းအား ဂျူဗင်တပ် အမျိုးသမီးအသင်း ခေါ်ယူ

**တူရင် ဇူလိုင် ၇**

ဂျူဗင်တပ် အမျိုးသမီး အသင်းသည် အက်စတွန်ဗီလာ အမျိုးသမီးအသင်း တိုက်စစ်မှူး အလီရှာလီမန်းအား ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အက်စတွန်ဗီလာအမျိုးသမီး အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၇၅ ပွဲကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ် အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ အလီရှာလီမန်းက "ကျွန်မ အက်စတွန်ဗီလာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ ဒီအသင်းဟာ ကျွန်မအတွက်တော့ ကြီးကျယ်ခမ်းနားဆုံး အသင်းပါ။ အနာဂတ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားလိုပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**

## အီမာဆန်ရွိုင်ရယ်အား ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စား



**ဘာစီလိုနာ ဇူလိုင် ၇**

ဘာစီလိုနာအသင်းသည် စပါးအသင်း နောက်ခံကစားသမား အီမာဆန်ရွိုင်ရယ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၂ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

စပါးအသင်းကလည်း အီမာဆန်ရွိုင်ရယ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း တစ်ရပ်ရရှိပါက ရောင်းချသွားဖွယ် ရှိသည်။ **(အပေါ်ယာပုံ)**

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လက်ရှိ ဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ အီမာဆန်ရွိုင်ရယ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## ပီဒရီ ဒူးဒဏ်ရာကြောင့် ယူရို ၂၀၂၄ ဥရောပ ဖလား လက်ကျန်ပွဲစဉ်အားလုံး လွဲချော်သွားမည်

**မက်ဒရစ် ဇူလိုင် ၇**

စပိန်အသင်း အဓိကကွင်းလယ်ကစားသမား ပီဒရီ ဒူးဒဏ်ရာကြောင့် အသင်း၏ ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ လက်ကျန်ပွဲစဉ်အားလုံး လွဲချော်သွားမည်ဖြစ်သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စပိန်အသင်းက ဂျာမနီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ပီဒရီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် တက်ရောက်ထားနိုင်သည့် စပိန်အသင်းအတွက်လည်း ကြီးမားသည့်ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ပီဒရီသည် နိုင်ငံအသင်းဖြစ်သည့် စပိန်အသင်းနှင့်အတူ ၂၀၂၁ မှ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲ ၂၄ ပွဲ ကစားကာ နှစ်ဂိုး သွင်းယူထားသည်။ **(ဝဲပုံ)(NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* ဒေါ့မွန်အသင်းသည် ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား ပါစကယ်ခရော့စ်အားခေါ်ယူရန်သဘောတူညီမှုရရှိခဲ့သည်။

* ဂျီရိုနာအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်အား ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

## မက်စ်ကေးလ်မန်း ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် ၂၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၇**

နောက်ခံကစားသမားသစ် မက်စ်ကေးလ်မန်း ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် ၂၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမား သည် လက်ရှိ ဈေးကွက်အတွင်းတွင် ဝုဖ်အသင်းမှ ဝက်စ်ဟမ်း အသင်းသို့ စတာလင်ပေါင်သန်း ၄၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား မက်စ်ကေးလ်မန်းသည် ဝုဖ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၁ ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ မက်စ်ကေးလ်မန်းက "ကျွန်တော် ဝက်စ်ဟမ်းအသင်းမှာ ကျောနံပါတ် ၂၃ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ဝက်စ်ဟမ်းအသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**



## ဇီလင်စကီးအား ၄ နှစ်စာချုပ်ဖြင့် အင်တာမီလန်အသင်း ခေါ်ယူ

**မီလန် ဇူလိုင် ၇**

အင်တာမီလန်အသင်းသည် နာပိုလီအသင်း ကွင်းလယ်ကစားသမား ဇီလင်စကီးအား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ၄ နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဇီလင်စကီးသည် နာပိုလီအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၄ ပွဲ ကစားပြီး ၅၁ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အင်တာမီလန်အသင်း ထုတ်ပြန်ချက်တွင် ဇီလင်စကီးအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို များစွာပံ့ပိုးကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိ ဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**





## 2024 Hungarian Grand Prix တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၁၅ ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၇**

ဟန်ဂေရီနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hungarian Grand Prix တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၁၅ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2024 Hungarian Grand Prix တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 Hungarian Grand Prix တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Hungarian Grand Prix တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ရုရှားတင်းနစ်မယ် Maria Timofeeva ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေး ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁) နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပ-ကျော့ရလဒ်) | ၂၀၁၉ တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၈-၇-၂၀၂၄ တနင်္လာနေ့ | ညနေ၃း၃၀နာရီ | အားကာ/သီပွဲ - မဟာ | အားကာ/သီပွဲ ၃-၀ မဟာ<br>မဟာ ၀-၀ အားကာ/သီပွဲ |

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲများ ကွင်းဆင်းဆောင်ရွက်



**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး စာပေဗဟုသုတ လေ့လာဖတ်ရှုလာစေရန်နှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်စာအုပ်၊ စာစောင်ပြပွဲကို အမှတ် (၂၃) မူလတန်းလွန်ကျောင်းခန်းမတွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သူဇာက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက ကျောင်းစာကြည့်တိုက်များကို အသုံးပြုတတ်စေရေး၊ စာပေလေ့လာဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့်စာပေ၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောပွဲပြီးနောက် ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြသည်။

အခမ်းအနားသို့ အမှတ် (၂၃)မူလွန်ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) ချမ်းမြေ့**



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး Bagan Plastic Campaign အဖွဲ့မှ ပလတ်စတစ်ကောက်ယူ

**ညောင်ဦး ဇူလိုင် ၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ကာ ပလတ်စတစ်အမှိုက်များသီးသန့်ကောက်ယူခြင်းကို ဇူလိုင် ၆ ရက် နံနက် ၇ နာရီက စတင်ကာ ညောင်ဦးမြို့၊ ဖေယျာဝတီရပ်ကွက်၊ ဘုရားသုံးဆူလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာရှိ ပလတ်စတစ်အမှိုက်ကောက်ယူခြင်းကို သီရိမင်္ဂလာရပ်ကွက် သမီးဇုက်ဂူဘုရားပတ်ဝန်းကျင်တို့တွင် ပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့နှင့် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးနန်းတင့်တို့ ဦးဆောင်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲမှဝန်ထမ်းများ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား၊ သူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများ၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးနှင့် ဝန်ထမ်းများသည် ဖေယျာဝတီရပ်ကွက် ဘုရားသုံးဆူလမ်းမကြီး ဝဲ၊ယာတစ်လျှောက်ရှိ ပလတ်စတစ်အမှိုက်များ၊ လမ်းနှင့်မလွတ်ကင်းသည့် ချုံနွယ်ရှားပင်များရှင်းလင်းခြင်းကို သီရိမင်္ဂလာရပ်ကွက်၊ သမီးဇုက်ဂူပတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၁)**

# ဂန္ဓမာပန်းများ ဈေးကောင်းရရှိပြီး နှစ်ပတ်လည်စိုက်ပျိုးလျက်ရှိ

**ကျောက်ဆည် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဂန္ဓမာပန်းများ ဈေးကောင်းရရှိကြောင်းနှင့် သံရွာကျေးရွာအုပ်စု ညွှန့်ပင်ကျေးရွာတွင် စိုက်ပျိုးထားသော ဂန္ဓမာပန်းခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ်ခူးဆွတ်ရောင်းချသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ပန်းစိုက်သူများအနေဖြင့် နှစ်ပတ်လည် စိုက်ပျိုးလျက်ရှိသည်။

ပန်းများစိုက်ရာတွင် မိမိတို့စိုက်ပျိုးလိုသည့် ဂန္ဓမာပန်း ပန်းမျိုးကွဲများဖြစ်သော ရွှေစိမ်းအနီ၊ ခိုင်ချုး၊ စံပယ်အဖြူ၊ စံပယ်အဝါ၊ ကျောက်စိမ်း၊ ရွှေဝါဝင်း စသည့် ပန်းပျိုးပင်များကို ပြင်ဦးလွင်မြို့နယ် အနီးစခန်းကျေးရွာမှ ဝယ်ယူ၍ စိုက်ပျိုးရကြောင်း၊ ပန်းပျိုးပင် အမျိုးအစားအလိုက် ငွေ ၁၈ ကျပ်မှ ၂၃ ကျပ်အထိ အမျိုးမျိုးဝယ်ယူရကြောင်း စတင်စိုက်ပျိုးပြီး ၄ လအကြာတွင် စတင်ရောင်းချရကြောင်း၊ ရောင်းချရာတွင် ပန်းအခိုင်သန်မာလှပမှုနှင့် ပန်းအမျိုးအစား၊ အရောင်အသွေးတောက်ပမှုအပေါ်မူတည်၍ ငွေကျပ် ၃၅၀၀ မှ ၅၀၀၀ကျပ်အထိ ရောင်းချရကြောင်း ဂန္ဓမာပန်းမျိုးစုံနှစ်ပတ်လည်ရောင်းချသူများထံက သိရသည်။

ပန်းစိုက်ပျိုးမည်ဆိုပါက ဦးစွာသဘာဝမြေဩဇာဖြစ်သည့် နွားချေးများအသုံးပြု၍ မြေအား စိက်ကြိုက်ပြုပြင်ထားပြီး ပန်းအမျိုးအစားနှင့် မြေအမျိုးအစားအလိုက် မြေပေါင်များပြုလုပ်၍ မိမိစိုက်ပျိုးလိုသည့် ပန်းပျိုးငယ်များအား စိုက်ပျိုးရကြောင်း၊ ပန်းပင်များသည် ရေကြိုက်နှစ်သက်သဖြင့် အစိုဓာတ်မပြတ်ရေသွင်းခြင်း၊ ရေဖျန်းခြင်းများ ပြုလုပ်ပေးရကြောင်း၊ ဂန္ဓမာပန်းသည် မျိုးကွဲများစွာရှိပြီး အရောင်အသွေးစုံလင်သည့် ပန်းမျိုးဖြစ်သောကြောင့် စိုက်ပျိုးရောင်းချရာတွင် အဆင်ပြေသည့်အတွက် ကျောက်ဆည်မြို့နယ်မှ ပန်းစိုက်သူများအနေဖြင့် ဂန္ဓမာပန်းများ နှစ်ပတ်လည်စိုက်ပျိုးကြကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၅)**





# ချမ်းမြသာစည်မြို့နယ်တွင် ရှေးဦးပြုစုခြင်း (အခြေခံ)ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ချမ်းမြသာစည်မြို့နယ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၉နာရီက ချမ်းမြသာစည်မြို့နယ်ရှိ SUNFLOWER International School တွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ချမ်းမြသာစည်မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မန္တလေးတိုင်းကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းတွင် ကျောင်းတည်ထောင်သူဆရာကြီးဦးတင်မောင်မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်၊ ချမ်းမြသာစည်မြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် ဒုတိယမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးတို့က မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ ပုံစံငယ်များဖြင့် သင်ကြားပို့ချ ပေးကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ဝ၄၅)**

# မိုးမြေပဲ လျှာထားဧက ၁၆၃၆ ဧက အနက် ၂၅၆ ဧက စိုက်ပျိုးပြီးစီး

**ပုဗ္ဗသီရိ ဇူလိုင် ၇**

ပုဗ္ဗသီရိမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးမြေပဲ လျာထားဧက ၁၆၃၆ ဧက အနက်တွင် ၂၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုဗ္ဗသီရိမြို့နယ်တွင် ယခင်နှစ် မိုးရာသီ မိုးမြေပဲ ၁၆၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှအတွက် ၄၈ ဒသမ ၅၄ ထွက်ရှိကြောင်း၊ ယခုနှစ် မိုးမြေပဲ ၂၅၆ ဧက လျာထားစိုက်ပျိုးပြီး တောင်သူများအနေဖြင့် မေလဆန်းတွင် စတင်စိုက်ပျိုးကြရာ ဇူလိုင်လထိ ၂၅၆ ဧက စိုက်ပျိုးနိုင်ကြောင်း မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပိုးမွှားများကင်းစင်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေးဆေးပြုလုပ်သုံးစွဲရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းကာ အသိပညာပေးလျက်ရှိရာ ပုဗ္ဗသီရိမြို့နယ်တွင် နှမ်း၊ မိုး၊ ဆောင်းရာသီအလိုက် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ အမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း ဒေသခံပြည်သူများအနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေး အပတ်စဉ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ဆင်ပေါင်ဝဲ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် မြို့သန့်ရှင်းသာယာရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ အပတ်စဉ် သန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက အမှတ်(၃)ရပ်ကွက်၊ အမှတ်(၈) လမ်း ဝဲ၊ ယာ အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကော်မတီဝင်များနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များတို့ စုပေါင်းကာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အမှတ်(၈)လမ်းဝဲ၊ ယာအမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ မြောင်းပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ်စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ (ဝဲပုံ)

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးချန်ဖီယာန်နှင့်အဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဆန်းဝင်းနှင့်တာဝန်ရှိသူများမှ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ပြည်တွင်းမှ ပြောင်းများ အိန္ဒိယနိုင်ငံသို့ အကောက်အခွန်ကင်းလွတ်ခွင့် အစီအစဉ်ဖြင့် တန်ချိန် ၃၀၀၀၀၀ တင်ပို့

ပြည်တွင်းမှ ပြောင်းများကို အိန္ဒိယနိုင်ငံသို့ အကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်ဖြင့် ပြီးခဲ့သည့် ဇွန်လမှ စတင်၍ ပြောင်းတန်ချိန် ၃၀၀၀၀၀ တင်ပို့ရမည်ဖြစ်ရာ နောက်ဆုံးတင်ပို့ရမည့် ရက်ကန့်သတ်ချက်ပေးမထားကြောင်း ပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်မြင့်မားလာသဖြင့် အခွန်ကင်းလွတ်ခွင့်ပေးကာ မြန်မာ့ပြောင်းများကို တင်သွင်းခွင့်ပြုခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင်လည်း ဩဂုတ်လအထိ အခွန်ကင်းလွတ်ခွင့်ရရှိထားသည်ဟု ဆိုသည်။

"ဘယ်အချိန် နောက်ဆုံးတင်သွင်းရမယ်ဆိုတာ အိန္ဒိယဘက်က အချိန်ကန့်သတ်ချက်ပေးမထားဘူး။ ပြည်တွင်းမှာ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်တဲ့ သင်္ဘောတွေ အဝင်၊အထွက်တွေ ပုံမှန်ရှိနေတာကြောင့် နောက်နှစ်လလောက်ဆိုရင် တန်ချိန် ၃၀၀၀၀၀ တင်ပို့မှုပြီးစီးနိုင်မယ်လို့ ခန့်မှန်းပါတယ်" ဟု ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံ၏ မွေးမြူရေးကဏ္ဍမှ ပြောင်းလိုအပ်ချက်မှာ တစ်နှစ်လျှင် တန်ချိန် တစ်သန်းတိုးမြင့်နေပြီး တစ်နှစ်လျှင် ပြောင်းတန်ချိန် ၁၆ သန်းခန့် ဝယ်ယူနေရကြောင်း၊ ထို့အပြင် ကော်မှုန့်ထုတ်လုပ်ငန်းနှင့် အီသနော ထုတ်လုပ်သည့် လုပ်ငန်းများမှလည်း ပြောင်းလိုအပ်မှုတိုးလာနေကြောင်း သိရသည်။

"သူတို့ ပြည်တွင်းမှာ ပြောင်းဈေး မြင့်လာတာကြောင့် ပြောင်းတင်သွင်းမှုကို အခွန်ကင်းလွတ်ခွင့်လုပ်ပေးတယ်။ လာမယ့်နှစ်တွေမှာလည်း ခုလိုပဲ အခွန်ကင်းလွတ်ခွင့်အစီအစဉ် ပေး၊မပေး ဆိုတာက အိန္ဒိယနိုင်ငံရဲ့ မူဝါဒအပြောင်းအလဲပေါ် မူတည်တယ်။ သူတို့နိုင်ငံရဲ့ လိုအပ်ချက်အပေါ် မူတည်ပြီး အပြောင်းအလဲတွေ ရှိလို့ ပို့ကုန်သွင်းကုန် မူဝါဒက ပုံမှန်မရှိဘူး" ဟု ဆက်လက်ပြောကြားသည်။



မြန်မာ့ပြောင်းကို ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အိန္ဒိယ သို့ တင်ပို့လျက်ရှိရာ ထိုင်းနိုင်ငံ သို့ အများဆုံးတင်ပို့နေပြီး ယခုဘဏ္ဍာနှစ်တွင် ပြောင်းတန်ချိန် ၁ ဒသမ ၅၆ သန်းတင်ပို့ဖို့ လျာထားချက်ရှိရာ ဧပြီနှင့်မေလတွင် လျာထားချက်ထက် ပြည့်မီကျော်လွန်၍ တင်ပို့နိုင်ခဲ့သည်။

ဝယ်လိုအားကောင်းသဖြင့် ပြည်တွင်းပြောင်းတစ်ပိဿာ ဈေးနှုန်းမှာ ဧပြီလတွင် ငွေကျပ် ၁၀၅၀ဝန်းကျင်မှ လက်ရှိ ဇူလိုင်လတွင် ငွေကျပ် ၁၅၀၀ လောက်ထိ ဈေးမြင့်လာကြောင်း၊ FOB ဈေးနှုန်းမှာ ပြောင်းတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၆၀-၂၇၀ ဝန်းကျင် ပေါက်ဈေးရှိရာ ကမ္ဘာ့ပြောင်းပေါက်ဈေးပေါ် မူတည်၍ အပြောင်းအလဲရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

## Women's Futsal Cup Mandalay ၂၀၂၄ပြိုင်ပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ကျင်းပမည့် Women's Futsal Cup Mandalay ၂၀၂၄ပြိုင်ပွဲအတွက် သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို ထုတ်ပြန်ထားသည်။

ပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအခမဲ့ဖြစ်ပြီး အာမခံကြေးကျပ် ၅၀၀၀၀ ပေးသွင်းရမည်။

ပြိုင်ပွဲဝင်အသင်းတစ်သင်းတွင် ဂိုးသမား ၂ ဦး အပါအဝင် ကစားသမားအများဆုံး ၁၂ ဦး၊ အနည်းဆုံး ၁၀ ဦး၊ နည်းပြအုပ်ချုပ်အဖွဲ့ဝင်အများဆုံး ၅ ဦး၊ အနည်းဆုံး ၂ ဦး ပါဝင်ရမည်ဖြစ်ပြီး နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်ရွေးချယ်ခြင်းခံထားရသူများ ပါဝင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာများကို ဇူလိုင် ၂ ရက်မှစ၍ နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း ဗထူးအားကစားကွင်းတွင် အာမခံကြေးပေးသွင်း၍ ထုတ်ယူနိုင်ပြီး ဇူလိုင် ၇ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း ပြိုင်ပွဲဝင်လျှောက်လွှာများ ပြန်လည်တင်ရမည်ဟု သိရသည်။

ပြိုင်ပွဲဝင်ကစားသမားများ စိစစ်ခြင်းကို ဇူလိုင် ၁၈ ရက် နံနက် ၉နာရီတွင်လည်းကောင်း၊ ပြိုင်ပွဲဝင်အသင်းမန်နေဂျာအစည်းအဝေးကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ကော်မတီရုံးတွင် ကျင်းပမည်။အသင်းတစ်သင်းလျှင် ပြိုင်ပွဲကန်ဝတ်စုံတစ်စုံထားရှိရမည်ဖြစ်ပြီး ကစားသမားအမည်ရင်းကို ကျောနံပါတ်အပေါ်တွင်ရိုက်နှိပ်၍ ကျောနံပါတ် ၁ မှ ၁၂ အထိ ခွင့်ပြုသည်။ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ကော်မတီမှသတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**(ဝ၄၅)**






## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) သင်တန်းဖွင့်လှစ် ပို့ချ

**မိတ္ထီလာ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)သင်တန်းကို ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချခဲ့သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးတို့အား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း တာဝန်ခံ ဒုတိယဦးစီးမှူး ဦးဝင်းခိုင်ဦးက ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ ကျေးရွာသယံဇာတ မြေပုံရေးဆွဲခြင်း၊ ရာသီခွင်ပြက္ခဒိန်ရေးဆွဲခြင်း၊ စီမံချက်ပါအချက်အလက်များ ကောက်ယူရမည့်ပုံစံတို့အား ရှင်းလင်းပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည် ဖော်ဆောင်ရွက်သွားမည့် အိုင့်၊ ဝွေးကုန်း၊ တောင်းကောက်၊ အိုင်ကြီးလည်၊ မကျီးကုန်း၊ ဥယျဉ်၊ ရွာသစ်၊ ငဆက်ကန်၊ ကန်ခြား (တောင်)၊ အင်အုန်း၊ ဝွေးချို၊ သီးကုန်း၊ ရေဝေ၊ ဇီးချိုကုန်း ကျေးရွာများမှ ကျေးရွာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**

## ညောင်ဦးခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**ညောင်ဦး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အခမ်းအနားမှူးသင်တန်းကို ဇူလိုင် ၆ ရက် နံနက် ၉နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားမှူးသင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန့်သီတာချိုဇင်က ဒီကနေ့ဖွင့်လှစ်လိုက်တဲ့ သင်တန်းသည် အခမ်းအနားမှူးကောင်းများ ပေါ်ထွက်လာအောင် သင်ကြားလေ့ကျင့်ပို့ချမည့် သင်တန်းဖြစ်ကြောင်း၊ အခမ်းအနားမှူးဆိုသည်မှာ အင်္ဂလိပ်လို Master Of Ceremony (MC)လို့ ခေါ်ကာ မှူးဆိုသည့်အဓိပ္ပာယ်ကို မြန်မာအဘိဓာန်မှာ နာမ်ဆိုလျှင် အကြီးအကဲ၊ ကြိယာဆိုလျှင် အကြီးအကဲပြုသည်၊ဦးဆောင်သည်လို့ အဓိပ္ပာယ်ဖွင့်ဆိုကြောင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ငွေအောင်က အခမ်းအနားမှူးသင်တန်း ပူးပေါင်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအား ပြောကြားပြီးနောက် ညောင်ဦးခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ဓာဓာဝင့်တို့က သင်တန်းထောက်ပံ့ပစ္စည်း ဝယ်ယူရန် အလှူငွေပေးအပ်သည်။ ထို့နောက် အခမ်းအနားမှူးသင်တန်းအား စာတွေ့၊ လက်တွေ့သင်ကြားခဲ့သည်။ အခမ်းအနားမှူးသင်တန်းသို့ ညောင်ဦးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ သင်တန်းသူများ၊ ငါ့သရောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၈၁)**

ဝတ္ထုတိုကဏ္ဍ

# နွေးထွေးတဲ့ဘဝ




"ဘော်… ဘော်… ဘော်… ဘော်…"

ဇန်ကုံးတို့သင်္ဘောကား သီလဝါဆိပ်ကမ်းအနီးမှ ထွက်ခွာ၍ အသံပေးလိုက်သည်။ ရန်ကုန်မြစ်ရေတက်နေသည်။ မကြာမီ ရောင်နီလာတော့ပေမည်။

"ဘော်… ဘော်… ဘော်… ဘော်…"

မြစ်လယ်တွင်သွားလာနေသော စက်လှေ၊ သမ္ဗန်များက ဝေးရာရှောင်ကြသည်။ ဆလင်ကိုင်ဘကြီးထွန်း(ဆလင်လက်မှတ်ရ)က အတွေ့အကြုံရှိသည်။ စက်ခန်းမှ ဦးမောင်ငယ်က အင်ဂျင်စက် အခြေအနေကြည့်ကာ ဂရုစိုက်ကြသည်။ ကူးတို့သင်္ဘော၊ အညာဆန် နှစ်ထပ်သင်္ဘောမဟုတ် ပစ္စည်းများတင်ပို့သော စီဘီ(ခေါ်)သံခွန်ကုန်သင်္ဘော ဖြစ်သည်။

သင်္ဘော၌ ဆန်၊ ဆီ၊ ဘိလပ်မြေ၊ သံချောင်း၊ ပြောင်းဆန်အိတ်များ၊ စက်သုံးဆီများ၊ စားသောက်စရာများ လူသုံးကုန်ပစ္စည်းများဖြင့် စုံလင်စွာ သယ်ဆောင်လာသည်။ ဇန်ကုံး၊ နီတွတ်တို့လည်း သင်္ဘောဝန်ထမ်းများက ကျောက်ဆူးကြိုးကို ဆွဲတင်နေရာချလိုက်သည်။ လတ်ဆတ်သန့်ရှင်းသော လေအေးတွေက တသုန်သုန်တိုက်ခတ်နေကာ မကြာမီ ကောင်းကင်တွင် နေရောင်ပြူထွက်လာသည်။

တူစုံဖွဲ့ပျံသန်းလာသော စင်ရော်ငှက်ကလေးများက ဝဲပျံကာ အစာတောင်းကြသည်။ ဇန်ကုံးနှင့် နီတွတ် အပါအဝင် သင်္ဘောသားများက ကိုယ်စီတာဝန် ထမ်းဆောင်နေကြသည်။ သင်္ဘောက အချိန်ကြာ ခုတ်မောင်းလာသည်နှင့်အမျှ ရန်ကုန်မြို့နှင့် ဝေးသွားသည်။ နေရောင်စူးရဲစွာကျလာသလို ဇန်ကုံး၊ နီတွတ်တို့ အသားအရေမှာ နက်ပြောင်နေသည်။ ဒီသင်္ဘောမှာပဲ အိပ်၊ ဒီသင်္ဘောမှာပဲ စား၊ အိမ်နှင့်ခွဲကာ မိသားစုနှင့်ဝေးကာ အလုပ် လုပ်လာသည်မှာ ဆယ်နှစ်ကျော်ပင် ကြာခဲ့ပြီဖြစ်သည်။ အိမ်ပြန်မရောက်သည်မှာ ကြာခဲ့ပြီပေပြီ။

ဇန်ကုံးက ချင်းလူမျိုး၊ ဇာတိက မင်းလှမြို့၊ ဇီးတောရွာဇာတိ အရှိုချင်း တိုင်းရင်းသားရွာကလေးဖြစ်သည်။ မြန်မာနိုင်ငံက အလွန်ထူးခြားသော နိုင်ငံဖြစ်သည်။ တောင်မြောက်ရှည်လျားသည်။ အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ရေခဲတောင်ရှိသည်။ ဧရာဝတီ အပါအဝင် မြစ်ကြီးလေးသွယ်ရှိသည်။ ပင်လယ်က နိုင်ငံဘေးတွင် ရှိသည်။ လူမျိုးစုံပျော်ဝင်သော နိုင်ငံတစ်ခု၊ နီတွတ်ကလည်း ဘာထူးလည်း အဖေ ရခိုင်၊ အမေ ကရင်၊ အဖေဘက် သွေးရောနှော၍ အသားညိုသည်။ သူ့ဇာတိက ဘားအံ၊ သင်္ဘောတစ်စီးထဲ အလုပ် လုပ်တော့ သူငယ်ချင်းများ ဖြစ်ကြသည်။

"ဘော်… ဘော်… ဘော်… ဘော်…"

ရန်ကုန်ကိုကျောခိုင်းပြီး ဧရာဝတီမြစ်အတိုင်း မန္တလေးသို့ ဆန်တက်လာသည်။ သူတို့သင်္ဘောက ကုန်းလမ်းခရီးထက် ကုန်ကျမှုသက်သာသော ရေလမ်းခရီးဖြင့် ကုန်စည်ပို့ဆောင်ပေးသည်။ ကုန်တင်သင်္ဘောဆိုလည်း မမှားပေ။ တစ်မြို့နှင့် တစ်မြို့ရောက်ဖို့ အကြာကြီး သင်္ဘောစီးရသည်။

သင်္ဘောက မြစ်လယ်တွင် ပိုက်ချနေသော ငါးလှေများကို အသံဖြင့် လှမ်းသတိပေးသည်။ ဇန်ကုံးနှင့် နီတွတ်တို့သင်္ဘောက သုံးထပ်ရှိပြီး အောက်ဆုံးက ကုန်ထားသည့် မြေညီဝမ်းပိုက်ရှိသည်။ ဒုတိယထပ်က သင်္ဘောသား လူနေခန်းဖြစ်ပြီး အပေါ်ဆုံးထပ်က ဆလင်မောင်းအခန်းဖြစ်သည်။ မိုးရာသီ မြစ်ရေတက်ချိန်တွင် ဧရာဝတီမြစ်ရေတက်သည်။ ကုန်ချိန်တန်ချိန် (၈၀၀)ခန့်အထိ သယ်ဆောင်နိုင်သည်။

သင်္ဘောသား(၁၃)ဦးပါဝင်သော ရွှေပြည်တန်ကုန်သင်္ဘောကား မန္တလေး၊ ဗန်းမော်၊ ကသာ၊ ထီးချိုင့်အထိ ရောက်သည်။ ရန်ကုန်၊ ပြည်၊ ထုံးဘိုအထိလည်း တက်သည်။ တစ်ခါတစ်ရံ ရန်ကုန်-မင်းဘူး-မင်းလှ-သရက်သို့လည်း ကုန်ပစ္စည်းပေါ်မူတည်၍ ရောက်သည်။ သင်္ဘောပေါ်တွင် ဘဝ၏ အချိန်များကို ဇန်ကုံးတစ်ယောက် မြှုပ်နှံခဲ့ရသည်မှာ ကြာခဲ့ပေပြီ။ ဇနီးသည် ချင်းအမျိုးသမီး မိုင်ယောင်နှင့် သားသမီးများဖြစ်သော တမ်ဂေ၊ ရာခန်းနှင့် နော်မီတို့ကို မတွေ့ရ၍ လွမ်းလှသည်။

"ဒီတစ်ခါဆိုရင် ငါအိမ်ပြန်မယ်ကွာ၊ မိသားစုနဲ့ ဝေးနေတာကြာပြီ"

ဇန်ကုံး တောင့်တမိသလို၊ နီတွတ်ကလည်း အိမ်လွမ်းသူ ဖြစ်နေပါပြီ။

"မင်းက တော်သေးတယ်၊ ငါက အိမ်မရောက်တာ နှစ်နဲ့ချီနေပြီ၊ ငါမပြန်တာလည်း ပါတယ်၊ ခုတော့ ပြန်မယ်ကွာ"

အလွမ်းသမားကြီးနှစ်ဦးက သဘောချင်းတူသလို အလုပ်ကြမ်းသမားမို့ ကုန်ထမ်း၊ ကုန်ပို့၊ ကျောက်ဆူးဆွဲ၊ နွေရာသီ သင်္ဘောသွားလျှင် သောင်မတင်ရန်အတွက် လှေ၊ စက်လှေဖြင့် ရေဆူးရှာရသည်။ လစာက တစ်သိန်းခွဲသာရ၍ ဘောက်ဆူးရလာလျှင် နှစ်သိန်းလောက် မဆိုးလှ။ သရက်မြို့သို့လည်း ရောက်ဖူးသည်။ အင်္ဂလိပ်က ရုံးစိုက်ဖူးသည်။ အင်္ဂလိပ်ဆောက်ထားသည့် အထက်တန်းကျောင်း၊ ဂေါက်ကွင်း စုပေါင်း၍ တူရကီသင်္ချိုင်းများရှိပြီး နေချင်စဖွယ်မြို့ ဖြစ်သည်။ ဇန်ကုံးက သရက်မြို့ ဘိလပ်မြေစက်ရုံတွင် လုပ်ဖူးသည်။ ပြီးမှ ကုန်တင်သင်္ဘောသား ဖြစ်လာသည်။

"အခု သွားမှာ၊ ပြည်ခရီးစဉ်နော်"

"ဟုတ်တယ်လေ၊ အကောက်တောင်ဘုရားကို ဖူးရမှာပေါ့"

ရွှေပြည်တန်သင်္ဘောက ဧရာဝတီမြစ်အတိုင်း မြန်အောင်မှတစ်ဆင့် ကြံခင်းမြို့နယ်သို့ ဖြတ်သန်းသွားတော့ မြစ်ကမ်းနားဘေးတွင် ထွင်းထုတည်ထားသော အကောက်တောင်ဘုရားကို ဇန်ကုံးနှင့် နီတွတ် တွေ့လိုက်ရသည်။ ထုံးဘိုမြို့သား ရွှေတိုးပါလာသည်။

အကောက်တောင်ဘုရားကို ဖြတ်ကျော်သည်နှင့် ဇန်ကုံးနှင့် နီတွတ်တို့ ဘဝတူ သင်္ဘောသား ရွှေတိုးကို ဆရာတင်ရပေပြီ။

"ကြံခင်းနှင့် ထုံးဘိုက ရေမိုင်ဘယ်လောက်လဲ၊ အကောက်တောင်ဘုရားအကြောင်း ပြောပြပါဦး"

ဇန်ကုံးနှင့် နီတွတ်ကမေးတော့ ရွှေတိုးက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ကြံခင်းနှင့် ထုံးဘိုမြို့က ရေမိုင် တစ်မိုင်ခွဲဝေးတယ်၊ ထုံးဘိုမြို့က အာဇာနည်ခေါင်းဆောင်ကြီး သခင်မြရဲ့ မွေးရပ်ဇာတိ၊ သူ့အိမ်က ထုံးဘိုကမ်းနားလမ်းမှာ ရှိတယ်၊ အကောက်တောင်ဆိုတာ ကြားဖူးနားဝပြောရရင် ဘုရားလောင်းကျေးမင်း အစာကောက်တဲ့တောင်ပေါ့၊ မင်းတုန်းမင်းလက်ထက်က မြို့တော်ဝန် ဦးကောက်ရကို အခွန်တော် ကောက်ခိုင်းတဲ့နေရာ၊ အင်္ဂလိပ်တွေက မြန်မာပြည်ကို သိမ်းပိုက်ပြီး အခွန်တော် ကောက်တဲ့နေရာမို့ အကောက်တောင်လို့ ပြောကြတယ်"

"ဘုရားတွေကို ဘယ်သူတည်သွားတာလဲ"

"သီရိဘဂ်လွန်မင်းကြီးနဲ့ လှေထိုးသားတွေ တည်ခဲ့တယ်လို့" ပြောကြတယ်။

ဦးပွားသိုက်တွင်းနဲ့ နတ်ရေတွင်းရှိတယ်။ နတ်ရေတွင်းက မျက်စဉ်းခတ်ခြင်း၊ နားကြပ်ခြင်း၊ မျက်နှာသစ်ခြင်း ပြုလုပ်ရင် ဇဖ ပါး ရောဂါကင်းတယ်လို့ ဆိုကြတယ်"

ရွှေတိုးက စိတ်ရှည်လက်ရှည် ရှင်းပြသလို ကြံခင်းမြို့နယ်ရှိ နံရံကပ်ဘုရားများအား ဖူးမြော်ကြည်ညိုကြသည်။

သင်္ဘောက ပြည်တစ်ဖက်ကမ်း ဆင်တဲဆိပ်ကမ်းတွင် ပစ္စည်းချသည်။ ဆင်တဲဘက်မှ ထင်း၊ မီးသွေး၊ ငှက်ပျော၊ ပြည်ဘက်မှ ဆီ၊ ဆား၊ ငရုတ်၊ ငါးခြောက်၊ အိမ်ဆောက်ပစ္စည်း ဒေသထွက်ကုန်များကို ပြန်လည်ယူ၍ ရန်ကုန်သို့ ပို့ပေးသည်။ မန္တလေးဘက်သို့ ခရီးစဉ်များရှိလျှင် မန္တလေးမှ သကာရည်များကို ယူပြီး ရန်ကုန်သို့ ပြန်လည်တင်ပို့ပေးသည်။ ရေပြင်သွားကုန်ပစ္စည်း သယ်ဆောင်ရေးတာဝန်များကို ထမ်းဆောင်ရသဖြင့် ကုသိုလ်ရသည်ဟု ဇန်ကုံးခံယူကာ ပျော်ရွှင်မိသည်။

××××××

(၂)

ဇန်ကုံးတို့ ရွှေပြည်တန်သင်္ဘောက အရှိန်လျှော့၍ မောင်းလာသည်။ သူတို့ သင်္ဘောက တွဲသင်္ဘောဖြစ်လိုက်၊ တွန်းသင်္ဘောဖြစ်လိုက်နှင့် ကျရာ ကရသော ဇာတ်သမားနှင့်တူသည်။ ခုလည်း နွေရာသီအချိန်ဖြစ်၍ ရေကျ၍ သတိထားမောင်းလာရသည်။ ဇန်ကုံးနှင့် နီတွတ်က လှေဖြင့် ဝါးထောက်၍ ရေအတိမ်အနက် ပြရသည်။ ရေအတက်အကျ ရေစီးကို ဇန်ကုံး တိုင်းတတ်သည်။

နွေရာသီအချိန်တွင် သောင်တင်တတ်သည်။ ဒီအခါဆို အခြားသင်္ဘောဖြင့် သဲများကိုမှုတ်ကာ လူအားဖြင့်ဝိုင်းဆွဲ၍ မြေနှင့်လွတ်အောင် ပြုလုပ်ရသည်။ ရေတက်ချိန်ဆိုလျှင်တော့ ရေပေါ်ပြန်ပေါ်၍ သွားလာရသည်။

××××××

(ဆက်လက်ဖော်ပြပါမည်။)



## ကလေးအလုပ်သမားပပျောက်ရေးဆွေးနွေးပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမား ပပျောက်ရေး ဆွေးနွေးပွဲနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းကို ဇူလိုင် ၅ရက် နံနက် ၁၁နာရီက တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်းက အလုပ်ရှင်များအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာမူများ၊ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက် (၃)ရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန် ကန့်သတ်ချက်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၂၀၁၆ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေမှ ကလေးအလုပ်သမားများ၏ အသက်အရွယ်စသည့် အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေး ဟောပြောခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ တက်ရောက်လာသည့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဝန်ထမ်းများက မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသည့် 'အသိပညာဗဟုသုတကြွယ်ဝဖို့ စာအုပ်စာပေဖတ်ကြစို့' နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ဝင်တစား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**ဂန့်ဂေါ ဇူလိုင် ၇**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်နှင့်ဒေသတွင်း အပူချိန်လျော့ကျကာ ဂေဟစနစ်တည်ငြိမ်လာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ အမက(မြို့မတောင်ပိုင်း) ကျောင်းတွင် ယနေ့ နံနက် ၈ နာရီက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ **(အပေါ်ဓါတ်ပုံ)**

အဆိုပါ အခမ်းအနားတွင် ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက သစ်တောသစ်ပင်များသည် သက်ရှိသတ္တဝါအားလုံး၏ ရှင်သန်ရပ်တည်ရေးအတွက် အရေးပါကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များအား အခွန့်ရှည်စွာတည်တံ့ခိုင်မြဲရေးတွက် ဖော်ဆောင်ရမည် ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးသည့် သစ်တောသစ်ပင်များ အခွန့်ရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခေတ္တခရိုင် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဌေးစိုးက ပျိုးပင်များကို ပေးအပ်ခဲ့ရာ ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်မျိုးသိန်းက လက်ခံရယူခဲ့သည်။

၂၀၂၄ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမြင့် ၂ပေအထက်ရှိ တပေဘူတ ၁၈ပင်၊ ကျွန်း ၁၅ပင်၊ ခရေ ၁၅ပင်၊ ငုရွှေဝါ ၁၅ပင်၊ ငုစပ် ၁၅ပင်၊ အသောက ၁၂ပင်၊ ပိတောက် ၆ပင်၊ မန်ကျည်း ၅ပင်၊ ပန်းတမာ ၅ပင်၊ မယ်ဇယ် ၄ပင်၊ မြန်မာ့ကုက္ကိုလ် ၃ပင်၊ ရေတမာ ၃ပင်၊ တမလန်း ၂ပင်၊ သင်းဝင် ၂ပင်၊ တမာ ၂ပင်၊ မယ်ဇလီ၂ပင်စသည့် စုစုပေါင်း ပျိုးပင် ၁၂၄ပင်အား တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဆရာ၊ဆရာမများနှင့် ဖိတ်ကြားထားသူ စုစုပေါင်း ၂၀၀ဦးခန့်က စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးခဲ့သည့် သစ်ပင်များအား ဆက်လက် ရှင်သန်နိုင်ရေး အမက(မြို့မတောင်ပိုင်း)ကျောင်းမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတို့က ပိုင်းဝန်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကျုံးရေပြင်ထဲမှ အရိပ်များ

- ယုဂန်ဗွေစွန်း
တင့်ရှန်းဝေဖြာ
လသာသာနှင့်
မန္တလာ မန္တလေး
ကျုံးနဘေးမှ
မျှော်ငေး အတွေးတွေ
ရောက်လာတယ်။
- ကိုယ့်ထီး ကိုယ့်နန်း
ကိုယ့်ကြငှာန်းနှင့်
ကိုယ်၏ အရှင်
ကိုယ့် ဘုရင်ကို
ထီးရိပ် နန်းရိပ်
အတိတ် တွေသည်။
- ကျုံးရေကြည်သ၍
မြို့ရိုးတည်သ၍
သက္ကရာဇ် ရွှေ့လည်း
မမေ့ဘယ်အခါ
ဤကမ္ဘာထဲ
ရှိနေဦးမည်သာ
မြန်မာပြည်က
မန်းမန္တလာ။ ။

**နေနွယ်(ဆင်ရွာမြေ)**

## ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း မြေပဲလုံးဆန်များ အရောင်းအဝယ် သွက်လက်ကောင်းမွန်နေ

**မန္တလေး ဇူလိုင် ၇**

ယခုရက်ပိုင်းအတွင်း ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာသည့် မြေပဲလုံးဆန်များ အရောင်းအဝယ် သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မြေပဲလုံးဆန်များသည် မန္တလေးဈေးကွက်အတွင်းသို့ ထီးချိုင့်၊ ကသာ၊ စဉ့်ကူး၊ မြောင်၊ မြင်းမူ၊ နွားထိုးကြီး၊ မြင်းခြံစသည့်ဒေသအသီးသီးမှ ဝင်ရောက်လာကြောင်း၊ယင်းမြေပဲလုံးဆန်များသည် ပြည်တွင်း၊ ပြည်ပ ဝယ်ယူမှုများကြောင့် ယခုလက်ရှိအချိန်တွင် မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀နှင့် မြေပဲလုံးဆန် S-1 အဖြူတစ်ပိဿာလျှင် ငွေကျပ် ၇၄၀၀ဈေးနှုန်းတို့ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ သွက်နေသည်။

'ယခုရက်ပိုင်း ပြည်တွင်းရော၊ ပြည်ပရော မြေပဲလုံးဆန်တွေကို ဝယ်ယူနေတာကြောင့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေတယ်။ ခုချိန်မှာ ပြည်တွင်းက ဆီစက်တွေရော၊ ပြည်ပ ဝယ်လက်တွေရော ဝယ်ယူလာတာကြောင့် မြေပဲလုံးဆန်ဈေးက ကောင်းနေပါတယ်။ မန္တလေးဈေးကွက်မှာ လက်ရှိအချိန် နယ်စုံဒေသက မြေပဲတွေလည်း လှိုင်လှိုင်ဝင်ရောက်နေတဲ့အတွက် ဒီရာသီမှာ တောင်သူတွေအတွက် အရောင်းအဝယ် အဆင်ပြေနေပါတယ်။ ခုရက်ပိုင်းမှာ မြေပဲလုံးဆန်တွေဟာ အရောင်းအဝယ်တွေ သွက်လက်မြန်ဆန်နေပါတယ်'ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။



အဆိုပါ မြေပဲများကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားသုံးမှု ဖူလုံစေရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကသီးနှံအဖြစ် အားထားစိုက်ပျိုးကြပြီး၊ ၎င်းဒေသများအနက် မကွေးတိုင်းဒေသကြီးတွင် မြန်မာပြည်၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ရသည်အထိ အများဆုံးထွက်ရှိကြောင်း၊ စားသုံးဆီအနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံစေကြောင်းလည်း သိရသည်။

**ပန်းမိုးပြာ**



## သတင်းပဒေသာ

### ဆီထွက်သီးနှံ အထူးဇုန်လျာထားဧက ပြည့်မီရေး ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် ဆီထွက်သီးနှံ အထူးဇုန်လျာထားဧက ပြည့်မီရေး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များမှ ကျေးရွာစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများအား တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့မတိုက်နယ်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် မွေးကင်းစမှ အသက်(၂)နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မိုင်းခတ်မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် တိုက်ကျွေးထိုးနှံပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ ဖြန့်ဝေ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်အရ မိဘပြည်သူများ ဆင်ခြေထောက်ရောဂါကင်းဝေးစေရန် ရည်ရွယ်၍ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို ယနေ့နံနက် ၈ နာရီက မြို့မရပ်ကွက် ဓာတ်တော်ဓမ္မာရုံတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးယူရန်လာရောက်ကြသည့် မလွန်ကျေးရွာအုပ်စုမှ တောင်သူများအား ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ပြည်သူများ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဆောင်ရန်ရှောင်ရန်အချက်များကို သိရှိစေရန်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ယမန်နေ့ နံနက် ၈ နာရီက ဆင်ဖြူချီကျေးရွာနှင့် မကြီးကုန်းလေးကျေးရွာများသို့ သွားရောက်၍ အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အသိပညာပေး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်တွင် ၂၀၂၄-၂၀၂၅ မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက်က ပုဗ္ဗသီရိမြို့နယ်၊ ဥယျာဉ်ကျေးရွာ၌ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိ

နေပြည်တော်၊ ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများအား ခွာနာ၊လျှာနာရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်အဖြစ် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ ယမန်နေ့ နံနက်ပိုင်းက အခမဲ့ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## နန်းဦးလွင်တွင် ဆွမ်းဆန်စိမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၇**

မန္တလေး၊ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာတွင် ဇူလိုင် ၅ ရက် နံနက်က ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့သည်။

နန်းဦးလွင်ကျေးရွာ လူမှုကူညီရေးအသင်းမှ ဦးဆောင်၍ ရန်ကင်းတောင်ခြေဥယျာဉ်ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအတွက် နှစ်စဉ်မပျက် ဆွမ်းဆန်စိမ်းလောင်းလှူခဲ့သည်မှာ (၂၉) ကြိမ်ရှိပြီဖြစ်သည်။ နံနက် ၇ နာရီတွင် ငြိမ်းချမ်းရေးတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ကြီး ဦးဆောင်ပြီး ဥယျာဉ်စာသင်တိုက် ပဓာန နာယက ဆရာတော်နှင့် စာချ၊ စာသင်သံဃာတော်အပါး ၃၀၀ ကျော် ကြွရောက်၍ အလှူခံတော်မူကြသည်။ ကျေးရွာသူ၊ ကျေးရွာသားများက ဆွမ်းဆန်တော်နှင့် လှူဖွယ်များလှူဒါန်းကြပြီး အချိုရည်အအေးတို့ဖြင့် သံဃာတော်များအား ကုသိုလ်ပြုကြသည်။ ဥယျာဉ်စာသင်တိုက် တည်ထောင်စကတည်းက နှစ်စဉ်မပျက်လောင်းလှူခဲ့ခြင်းဖြစ်သည်။



နန်းဦးလွင်ကျေးရွာသာမက ကန်ကောက်၊ ဘူးကုန်းရပ်ကွက်တို့မှလည်း လှူဒါန်းကြသည်။

လှူဒါန်းမှုအနေဖြင့် ဆွမ်းဆန်တော် ၂၂၅ အိတ်၊ ဆီပိသာ ၁၀၀၊ အခြားလှူဖွယ်ဝတ္ထုများနှင့် ဝတ္ထုငွေကျပ် သိန်း ၇၀ ခန့် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၁)**



## ဝန်ထမ်းမိသားစုများ ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၈၆)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားအာလူးချက်၊ သရက်ချဉ်သုပ်တို့ကို ၃၆ လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်လောင်းလှူ ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## ဥပ္ပါတသန္တိဝတ်ရွတ်စဉ်တရားတော်များ ရွတ်ဖတ်ပူဇော်

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဦးဆောင်၍ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးနှင့် ဗဟိုမီးသတ်စခန်း၊ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံးရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ဥပ္ပါတသန္တိဝတ်ရွတ်စဉ် တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း အခမ်းအနားကို ဇူလိုင် ၅ရက် (နယုန်လကွယ်နေ့) ညနေ ၄ နာရီက ချမ်းအေးသာစံမြို့နယ်၊၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ ဗဟိုမီးသတ်စခန်းအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သစ်သစ်လှိုင်နှင့် အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုများက ဥပ္ပါတသန္တိဝတ်ရွတ်စဉ် တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ တရားဒေသနာတော် ရွတ်ဖတ်ပူဇော်သူများ၊ တပ်ဖွဲ့ဝင်မိသားစုများအား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ကြပ်ကြီး ဝင်းထိုက်ဦးနှင့် ဇနီး ဒေါ်ပပဝင်း မိသားစုက အာဟာရဒါနကျွေးမွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**



## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့နိုင်ရန် အလှူငွေ လှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၇**

ကချင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားနေသည့် ဧရာဝတီမြစ်ရေ ကြီးမြင့်ကာ မြို့နယ်အသီးသီးတွင် နေအိမ်များ ရေနစ်မြုပ်ခြင်း၊ အိမ်ထောင်စုများ ရေဘေးလွတ်ရာ တိမ်းရှောင်ကာ အစားရေစာရှားပါးခြင်းတို့အား တစ်ထောင့်တစ်နေရာမှ ကူညီထောက်ပံ့ပေးအပ်နိုင်ရန်အတွက် လဝါယန်ငွေထုဌာနေ ပြည်သူ့စစ်တပ်ဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးလဆန်အောင်ဝါ၏သားဖြစ်သူ ဦးနော်လီမှ ငွေကျပ်သိန်း ၅၅၀၀ အား ဇွန် ၄ ရက်က မွန်းလွဲ ၂ နာရီခွဲက မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်ရှိ ယူနန်ဘုံကျောင်းသို့ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်ပွဲတွင် ယူနန်ဘုံကျောင်းမှ တာဝန်ရှိသူများက လှူဒါန်းငွေကျပ်သိန်း ၅၅၀၀ အား လက်ခံရယူကာ "ကျွန်တော်လှူတာက လက်ရှိဖြစ်ပေါ်နေတဲ့ ရေဘေးသင့်ပြည်သူတွေရဲ့ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစတဲ့ကိစ္စရပ်တွေမှာ လိုအပ်တာတွေ လုပ်ဆောင်ပေးနိုင်အောင် လှူဒါန်းတာပါ။ စုစုပေါင်းအားလုံး သိန်း ၅၅၀၀ ဖြစ်ပါတယ်"ဟု အလှူရှင် ဦးနော်လီက ပြောကြားသည်။

ကချင်ပြည်နယ် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့၊ တနိုင်းမြို့နယ်၊ ချီဖွေမြို့နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်တို့တွင် ဧရာဝတီမြစ်ရေ



မြင့်တက်ကာ နေအိမ်များအတွင်း ရေများဝင်ရောက်ပြီး ဒေသခံပြည်သူများမှာ ရေဘေးသင့်ခဲ့ကာ သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့် လူသေဆုံးထိခိုက်မှုမရှိသော်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါတွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် ဧရာဝတီမြစ်ရေများ မြင့်တက်လျက်ရှိကာ အဆိုပါမြို့များ၌ ရေဘေးကယ်ဆယ်ရေးစခန်း ၁၅ခု၌ ဒေသခံပြည်သူ ၄၀၇၅ ဦး ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။ **(ဓါပုံ)**

**(၄၄၄)**

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

(၂-၇-၂၀၂၄)ရက်မှ အဆက်

တောစခန်းပတ်ပတ်လည်အား အသေးစိတ်လေ့လာနေသဖြင့် ယူနီဖောင်းထုတ်ပေးသောနေရာသို့ အရောက်နောက်ကျခဲ့သည်။ အခြားသူများက အချင်းချင်းဆိုဒ်အကြီးအသေး လဲလှယ်၍ပင် ဝတ်ဆင်ကြည့်နေကြပြီ။ ကျွန်တော့်အတွက် ယူနီဖောင်းယူ၍ ဝတ်ဆင်ကြည့်သည်။ အင်္ကျီကတော်သည်။ ဘောင်းဘီတွင် ပြဿနာတက်ပြီး နည်းနည်းကျပ်သည်။ ထို့ပြင် ဘောင်းဘီဇစ်က ဘေးဘက်တွင် ရောက်နေသည်။ စခန်းမှူးရှေ့သွား၍ 'ဆရာ ကျွန်တော့်ဘောင်းဘီဇစ်နေရာ လွဲနေတယ် လဲပေးအုံး' ဟု ပြောရာ ဆရာက 'မင်းဇစ်က နေရာလွဲတာ မဟုတ်ဘူး အဲ့ဒါမိန်းကလေးဝတ်တဲ့ ဘောင်းဘီကွ ဟိုမှာ ကျန်တဲ့ထဲက လဲကြည့်' ဟု ပြောသည်။ ကျန်သော ယူနီဖောင်းများတစ်ခုမှ မတော် သေးနေသည်။ ကြီးလျှင် ဝတ်၍ရသည်။ သေးနေတော့ အဆင်မပြေ၊ နောက်ဆုံးဘောကွဲဇစ်သာ ဝတ်ရတော့သည်။ နောက်နှစ်ရက်နေမှ အပိုယူနီဖောင်းထပ်ရောက်မှာ ခုတော့ ဒါပဲဝတ်ကွာ' ဟု ပြောသည်။ တောထဲမှာ အလုပ်လုပ်တာပဲ ဝတ်သကွာ' ဟု ဆိုကာ ဘောကွဲဇစ်(အမျိုးသမီးဝတ်)ဖြင့် နှစ်ရက်မက တစ်ပတ်ကြာခဲ့ရသည်။ ခါးပတ်ကြီးနှင့်ဆေးအိတ်၊ တစ်ဖက်က ရေဘူးနှင့် ရှေ့နားတွင် ကြိုးနှင့်ဓားမြှောင်ချိတ်ထားသဖြင့် ဘောကွဲဇစ်ကို ရုတ်တရက်မမြင်ရတော်သေးသည်။ ထိုပုံစံဖြင့် စခန်းဖွင့်ပွဲ တက်ခဲ့ရသည်။ စခန်းမှူးက တပ်ခွဲစစ်ရင်း ကျွန်တော့်ဆေးအိတ်နှင့် ဓားမြှောင်ကို စစ်သည်။ ဆေးအိတ်ကတော့ ကောင်းတယ်၊ ကြိုးလည်းလိုအပ်တယ်၊ ဓားမြှောင်ကတော့ ငါသိမ်းထားပေးမယ်ဆိုပြီး ယူသွားခဲ့သည်။

စရောက်သော နေ့တွင် စားရိပ်သာ၊ နေစရာ၊ အဆောင်အဆင်ပြေသည်။ ညရောက်တော့ မီးစက် မီးမပိတ်ခင် အိပ်ရာပြင်ကြသည်။ ကျွန်တော်က တပ်ခွဲအဆောင်၏ ထိပ်ဆုံး၊ ကျွန်တော်နှင့် ခြေရင်းထိပ်တွင် မန်းတက္ကသိုလ် ဘူမိဗေဒမှ ကျွန်တော်နှင့်အတူလာသော ရဲဘော်မျိုးမင်း(ယခု ဒေါက်တာ မျိုးမင်း)၊ သူ၏ဘေးတွင် မန်းတက္ကသိုလ်(၁)မှ ကိုစောအောင်(မြန်မာစာ)(ပြင်ဦးလွင် ဒု-မြို့နယ် ပညာရေးမှူး၊ ကွယ်လွန်)တို့အဖွဲ့ရှိသည်။ ကျွန်တော့်ဘေးတွင်မူ မန္တလေး အရှေ့တောင်၊ အရှေ့မြောက်၊ အနောက်မြောက်(ထိုစဉ်က မြို့နယ်များ)မြို့နယ်တို့မှ ရဲဘော်များ နေရာကျသည်။ အိပ်ရာကို စနစ်တကျပြင်သည်။ တောစီးဖိနပ်ကို ခြေအိတ်ဖြင့် အပေါ်မှပိတ်၍ ခြင်ထောင်ထဲတွင် ထည့်ထားသည်။ ကြိုးကိုလျှော့၍ အဆင်သင့် အမြန်ဝတ်ဆင်နိုင်ရန် ပြင်ထားသည်။ စစ်ယူနီဖောင်းဖြင့်ပင် အိပ်သည်။ စခန်းမှပေးသော ယူနီဖောင်းကို သေချာစွာခေါက်၍ ခေါင်းအုံးအောက်တွင် ခု၍ မီးပူတိုက်ထားသလိုဖြစ်အောင် ပြင်သည်။ နံဘေးတွင် ကျွန်တော်နှင့်ပြေးဘက်ကစားဘက် လှသူထံမှ ပါလာသည့် နံချပ်ကူကို အဆင်သင့်ထားသည်။ (ဓားက စခန်းမှူး သိမ်းသွားသည်)။ အိပ်ဖို့ပြင်ရင်း ဘေးနှစ်ဘက်ကိုကြည့်ရာ အနောက်မြောက်မြို့နယ်မှ ကိုကြည်နှင့် အနောက်တောင်မြို့နယ်မှ ကျော်ကျော်ဦးတို့ ငုတ်တုတ်ထိုင်နေကြသည်။ သူတို့နှစ်ဦးက သူငယ်ချင်းတွေဖြစ်သည်။ 'ငါ့ညီတို့အိပ် အပြင်အပေါ့အပါးသွားရင် ဓာတ်မီး အဆင်သင့်ပြင်ထား မီးဖြတ်တော့မယ်' ဟု ပြောရာ ကျော်ကျော်ဦးက 'အကို ကျွန်တော့်သူငယ်ချင်း မောင်ကြည်က ခြင်ထောင်မပါဘူး'၊ ကျွန်တော်က ခြင်ထောင်ဘဲပါတယ်၊ ခေါင်းအုံး၊ စောင်၊ အခင်းဘာမှမပါဘူး' ဟု ရယ်ကျဲကျဲဖြင့် ပြောသည်။ 'ကဲ ငါ့ရဲ့ အခင်းစောင်ကို မင်းယူ၊ ကိုယ့်ကျောပိုးအိတ်ကို ခေါင်းအုံးအိပ်ကြဆိုကာ သူတို့သူငယ်ချင်းနှစ်ယောက်အတွက် နေရာချိန်းပေးရင်း အခင်းစောင်တစ်ထည်ကို နှစ်ယောက်ခြုံအိပ်ခိုင်းရသည်။

'ဟော့ကောင် ငါ့ညီ အနံ့ရတယ်၊ သောက်ထားလား' ဟု ကျော်ကျော်ဦးအား မေးရာ 'နည်းနည်းသောက်ထားတယ် အကို ဒီမှာ' ဟူ၍ ပုလင်းကို ထောင်ပြသည်။ 'မင်းပုလင်းကို ချက်ခြင်းလွှင့်ပစ်' ဟု ပြောရာ 'အကို အများကြီးကျန်သေးတယ်၊ နမြောစရာ' ဟု ဆိုသဖြင့် ရေဘူးထဲထည့်ခိုင်းပြီး ပုလင်းခွံကို လျှိုထဲသို့ လွှင့်ပစ်စေသည်။

ညတော်တော်နှင့် အိပ်မပျော်ကြ၊ အိပ်ရာပြောင်းစမို့ထင်သည်။ အိပ်ရာထဲမှာ စကားများပြောကြ၊ မိတ်ဆက်ကြဖြင့် ဆူညံနေကြသည်။ ည ၉နာရီ မီးပိတ်ပြီး ည ဆယ့်တစ်နာရီခန့်တွင် စခန်းမှူးနှင့် အဖွဲ့အားလုံးအိပ်ကြရန် ပြောပြီး နံနက်စောစောထရမည်ဖြစ်သည်။ ၆ နာရီတွင် တန်းစီအမှာစကားပြောပြီး နံနက်စာကျွေးမည်ဖြစ်ကြောင်း ပြောသည်။ အဆောင်တွင်းမှ ပစ္စည်းများကိုလည်း တန်းစီနေချိန်တွင် စစ်ဆေး၍ မလိုအပ်သော လက်နက်၊ အရက်နှင့် အခြားအရာများ ပါလာက သိမ်းဆည်းထားမည်ဟုပြောကာ ပြန်ထွက်သွားသည်။ အတော်များများ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြသည်။ အမှောင်ထဲတွင် မီးရောင်အုပ်အုပ်ကလေးများဖွင့်၍ အိတ်ထဲမှ ထုတ်ကြသည်။ ပုလင်းချင်း ထိသံများ ကြားသည်။ ဘယ်မှာ ဝှက်ရမှန်းမသိကြ တက္ကသိုလ် အမှတ်(၁)မှ အကြီးများထံမှာလည်း ပုလင်းများပါသည်။ မနေသာသဖြင့် ပုလင်းများကိုလုံးစွာပိတ်စေပြီး ပုဆိုးဖြင့် ထုပ်စေသည်။ ပြီးလျှင် နောက်ငှက်ပျောတောအစပ်ရှိ ရေချိုးရန် အဆောင်သို့သွား၍ ရေကန်ထဲ ချထားပေးခဲ့သည်။ ချိုးရေကို ဒုဋ္ဌဝတီမြစ်ရေတင်ပေးသည်။ ရေတက်ချိန်ဖြစ်၍ ရေက အရင်လိုကြည်လင်မနေ အနည်ငယ်နောက်ကျိသဖြင့် ရေကန်တွင်း ငုံ့ကြည့်လျှင် ပုဆိုးထုပ်ကိုမမြင်ရ ပြင်ဆင်ပြီး၍ အိပ်ကြသည်။ ပုလင်းဝှက်ရင်း တစ်ယောက်တစ်ခွက် သောက်ကြသေးသည်။ တော်တော်ဆိုးသော အဖွဲ့ပင်၊ မြို့နယ်မတူသော်လည်း တစ်ယောက်နှင့် တစ်ယောက် မသိကြသော်လည်း တက္ကသိုလ်၊ ပြင်ပဝန်ထမ်း၊ ပါတီ၊ ကျေးလက်လူငယ်တို့ လူစုံဖြစ်သော်လည်း ယခု ပုလင်းကိစ္စတွင် စည်းလုံးလှသည်။ ကိုယ့်ကျောင်းမှအဖွဲ့ပါ၍ မများစေနဲ့၊ ရန်မဖြစ်နဲ့ဟုသာ သတိပေးခဲ့သည်။ ထိုည အိပ်ရာမပါသူများ၊ ပုလင်းဝှက်ကိစ္စ၊ ရန်မဖြစ်ရန်တို့ကို သတိပေးခြင်း၊ တောစီးဖိနပ်များအား ထိပ်ပိတ်၍ အိပ်စင်တွင် တင်ရန် မြေပေါ်ချမထားရန်တို့ကို အသေးစိတ်ပြောပြနေသော ကျောင်းသားငယ်ကျွန်တော့်ကို ကျောင်းသားကြီးအချို့က သတိပြုအကဲခတ်ရင်း 'ဆရာကြီးလား' ဟု ပြောသံသဲ့သဲ့ကြားသည်။ သတိပေးခြင်းက ကိုယ့်တာဝန်မို့ မကြားချင်ယောင်ဆောင်၍ အိပ်စက်သည်။ နံနက် ၄ နာရီတိတိတွင် နိုးသည်။ ဘောင်းဘီတို၊ စွပ်ကျယ်အင်္ကျီဖြင့် အဆောင်မှ သူငယ်ချင်း လှသူလည်း ထွက်လာသည်။ နံနက် ၄ နာရီတွင် သူနှင့်ကျွန်တော်သည် အားကစား လုပ်နေကျ၊ အပြေးအတူကျင့်နေကြဖြစ်၍ ယခုလည်း မတိုင်ပင်ဘဲ အတူထမိကြသည်။ နှစ်ယောက်သား ကွင်းပြင်တွင် ခေါက်တုံ့ခေါက်ပြန်ပြေးသည်။ အသံကြား၍ စခန်းမှူးရုံးမှ တံခါးဖွင့်၍ ကြည့်သည်။ ကျွန်တော်တို့ အားကစားကျင့်သည်ကို အတန်ကြာကြည့်နေသည်။ ပြေးသည်။ လက်သီးထိုး၊ ခြေကန်ကျင့်သည်။ သူငယ်ချင်းက နံချပ်ကူလေ့ကျင့်ခန်းပါလုပ်သည်။ ကျွန်တော်ကတော့ လက်သီးထိုး၊ ခြေကန်လေ့ကျင့်ခန်းနှင့် ဘယ်ရီရိုက်၊ ဒိုက်ထိုး၊ ပြေးလေ့ကျင့်ခန်းများသာ လုပ်သည်။ အဆောင်ထဲမှ နှစ်ဦးစ သုံးဦးစထွက်လာ၍ ထိုင်ကြည့်သည်။ တစ်နာရီခန့် လေ့ကျင့်ခန်းလုပ်ပြီး ၅ နာရီခန့်တွင် ရေချိုး၍ ယူနီဖောင်းလဲသည်။ ယူနီဖောင်းစနစ်တကျဝတ်ဆင်ပြီး အိပ်ရာတွင် ငြိမ်သက်စွာ နားသည်။ ဘေးမှအဖွဲ့ကို နှိုးသည်။ ၆ နာရီ တန်းစီမည်ဟု သတိပေးရသည်။ အိမ်သာရှေ့မှ တန်းစီ၍ အော်သံများ၊ ရေချိုးသည့် အသံများကြားရသည်။ ကျွန်တော်တို့က စောစီးစွာထ၍ အိမ်သာတန်းမစီခဲ့ရ။

၆ နာရီထိုးရန် ၁၅ မိနစ်အလိုတွင် ခရာသံတွီကနဲ ထွက်လာသည်နှင့်တန်းစီကွင်းသို့ ထွက်ခဲ့ပြီး ထိပ်စီးတွင် သူငယ်ချင်းနှစ်ဦးနေရာယူသည်။ ၆ နာရီတန်းစီရာ လူက မစုံသေး၍ စောင့်ရသည်။ ခါးပတ်တန်းလန်း၊ တောစီးဖိနပ်ကြိုးတန်းလန်းဖြင့် အပြေးလာနေသူများလှသည်။ တန်းစီ လူစစ်ပြီး စခန်းနှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများ ပြောကြားသည်။ တပ်ခွဲလိုက်တွင် အမျိုးသား၊ အမျိုးသမီးမှူး၍ ထပ်မံခွဲသည်။ မိမိခွဲအလိုက် တန်းစီနေရာ ပြန်ယူသည်။ တပ်ခွဲလိုက်တွင် တွဲဖက်ပေးမည့် သစ်တောအရာရှိ၊ ဆေးအဖွဲ့တို့နှင့် မိတ်ဆက်သည်။ ထို့နောက် နံနက်စာ ထမင်းကြော်နှင့်လက်ဖက်ရည်သုံးဆောင်ကြသည်။ အဆောင်သို့ ခဏပြန်သည်။ အိပ်ရာတချို့တွင် စာရွက်လေးများ တင်ထားသည်။ ညက စုပေါင်းဝှက်စဉ်တွင် မရောဘဲ သီးခြားဝှက်ထားသော ပုလင်းတို့ကို ရှာဖွေတွေ့ရှိသွားကြပြီး အရက်ပုလင်း သိမ်းထားသည်၊ စခန်းသိမ်း၍ ပြန်သောနေ့တွင် ရုံးခန်း၌ လာယူပါ' ဟု ရေးထားသည်။ နောက်တစ်ယောက်က ဓားရှည်ပါလာ၍ သိမ်းသည်၊ လှသူ၏ နံချပ်ကူသိမ်းသည်။ ရေချိုးကန်သို့ ပြေး၍ အထုပ်စမ်းကြည့်သူများ ရှိသည်။ လက်မထောင်၍ ပြုံးပြုံးကြီးပြန်လာကြသည်။ ခဏနေသော် ခရာသံကြား၍ တန်းစီကြပြန်သည်။ သစ်တောစိုက်ကွက်တွင်း ဝင်ရမည်ဖြစ်သဖြင့် လိုအပ်သော ဓားရှည်၊ ပေါက်ပြား၊ မြက်ဖြတ်စက်များ ထုတ်ယူသည်။ ဝါးလုံးရှည်၏ ထိပ်တွင် ရောင်စုံအလံများ တပ်၍ တပ်ခွဲတစ်ခုစီကို ပေးသည်။ အလံကို ကြည့်ပြီး အလံကြီးက ရှည်လွန်းတယ်၊ ဘယ်လိုကိုင်ပြီး သွားရမှာလည်းဟု မေးမိသည်။

ဆရာက 'မိမိတပ်ခွဲတာဝန်ကျသည့်အကွက်၏ အမြင့်ဆုံးနေရာတွင် အဝေးမှမြင်အောင် လွှင့်ထူထားရမည်' ဟု ပြောမှ သဘောပေါက်သည်။ တောထဲတွင် တစ်ဖွဲ့၏တည်နေရာ တစ်ဖွဲ့သိရန် အနီးစပ်ဆုံးနည်းဖြစ်သည်။ သောက်ရေမှစလိုအပ်သည်များကို စီစဉ်နေစဉ်ပင် စခန်းရှေ့ရှိ ရဲတပ်ဖွဲ့ဝင်များနေရာယူနေကြသည်။ နံနက်စောပိုင်းက လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ ပတ်လည်တောင်ကြောများသို့ ထွက်ခွာသွားသည်ကို တွေ့ရသည်။ အပြင်စည်းအတွက် လုံခြုံရေးယူပေးခြင်းဖြစ်သည်။

တပ်ခွဲအစဉ်လိုက် လုပ်ကွက်များဆီသို့ ထွက်ခွာကြသည်။ ထူထပ်သော ဝါးတောများ၊ သစ်ပင်အုပ်များကြားမှ လုပ်ကွက်ရောက်သော် အလံတိုင်ကို ဝါးရုံထိပ်တွင် လွှင့်ထူထားသည်။ ပြီးလျှင် အခြားတပ်ဖွဲ့များ၏ တည်နေရာကို ရှာဖွေကြသည်။ သစ်တောဌာနမှ အရာရှိက လုပ်ငန်းခွင်ကိစ္စများကို နည်းလမ်းပြသသည်။ မြွေ၊ ပျားများကို အထူးသတိပြုရန်ထပ်မံပြောသည်။ ကျွန်တော်နှင့်လှသူ၊ တက္ကသိုလ်(၁)မှ ဗလကြီးကိုစောအောင်တို့ သုံးဦးက အတက်ကြွဆုံးမို့ ရှေ့ဆုံးမှ တောတိုးရန် ပြင်ကြသည်။ ပါလာသော မြက်ဖြတ်စက်နှစ်လုံးကို အလှည့်ကျကိုင်တွယ်တောရှင်းရသည်။ မြက်ဖြတ်စက်ကိုယ့်အလှည့်မကျလျှင် ကိုင်းခုတ်ဓားဖြင့် ရမ်းရသည်။ ဆီးပင်ခြုံကြီးများ တွေ့လျှင် သတိထားရသည်။ စက်ကို အသွားပြောင်းတပ်၍ အားဖြင့်ရမ်းလျှင် ငှက်ပျောပင်လုံးခန့် အပင်ကိုပင် သုံးလေးချက်ဖြင့် ပြတ်အောင် ခုတ်နိုင်သည်။ စက်ဖြင့် အပြိုင်ရမ်းရင်း တောထဲသို့ ဝင်ကြရင်း ရှေ့၊ နောက်၊ အပေါ် ဆီးရုံများ၊ ဝါးရုံများ ပိမိ၍ ထွက်မရဖြစ်လျှင် ကိုင်းခုတ်ဓားဖြင့် ရှင်း၍ လမ်းဖွင့်ရသည်။ လူအားဖြင့် ဝါးရုံကို ဆွဲ၍ ရှင်းထုတ်ကြရသည်။ အားကြီးမာန်တက်ဆောင်ရွက်ရင်း ချွေးများလည်း တစ်ကိုယ်လုံးရွှဲနေကြသည်။ သစ်တောအရာရှိက 'ညီလေးတို့ အရမ်းပမ်းမယ်၊ ဖြည်းဖြည်းလုပ်ပါကွ' ဟုပင် တားရသည်။ တက္ကသိုလ်အမှတ်(၁)လူငယ်အဖွဲ့က အဆင့်မြင့်ဆုံးဖြစ်၍ ကျွန်တော်တို့တက္ကသိုလ်အမှတ်(၂)နှင့် မြို့နယ်အဖွဲ့က လုပ်အားမှစ၍ သာမည်ကို စိုးရိမ်သည်ထင်၏။ ရှေ့မှအတင်းတွန်းလုပ်သည်။ ကျွန်တော်တို့ထက် အင်အားသာ ခန္ဓာကိုယ်ထွားကျိုင်းမှုကွာသဖြင့် အတော်ကြိုးစား၍ ယှဉ်ပြိုင်ရသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကျောမခံ တစ်ကိုယ်လုံးချွေးဖြင့် နစ်နေရုံမက ဆူးခြစ်ရာများလည်း ပရွ၊ လက်နှစ်ဖက်လည်း အရည်ကြည်ဖုများပေါက်၍ သွေးစေးများ ထွက်သည်အထိ လုပ်ကြသည်။ နားရန်အတွက် ခရာသံကြားသည်နှင့် ရောက်သည့်နေရာ မြေပြင်ပေါ် ပက်လက်လှဲချအနားယူမိသည်။ အမှတ်(၁)မှ ဗလအကောင်းဆုံး ကိုစောအောင်ကြီးလည်း မြေပေါ်ပက်လက်လှဲရင်း နားသည်။ ရယ်စရာပြောမိသည်။ ပြဿနာကစပြီ။ လက်မခန့် နီးနီးကြီးသော ပျားကြီးကောင်များက ချွေးများဖြင့် ရွှဲနစ်နေသော ကျွန်တော်တို့ခန္ဓာကိုယ်ပေါ်သို့ ဝိုင်းအုံ၍ ချွေးများစုပ်ယူခြင်းပင် ဖြစ်သည်။ ရုတ်တရက် ဝိုင်းအုံခံလိုက်ရ၍ မြေပြင်တွင် ပက်လက်အနေအထားအတိုင်း မလှုပ်ရဲ၊ တစ်ကိုယ်လုံးပျားကြီးများဖြင့် ဖုံးနေသည်။ သစ်တောအရာရှိနှင့် ကျန်အဖွဲ့သားများ၊ သစ်ကိုင်းမြက်ခြောက်များ၊ ချက်ခြင်း မီးရှို့၍ မီးခိုးမှိုင်းဖြင့် ခြောက်မှ ပျားကြီးများ ပျံသွားကြသည်။ မြို့နယ်မှ ညီလေး၏ ပါးကို ပျားကြီးကောင်နှစ်ချက်အတုပ်ခံလိုက်ရသည်။ ကျွန်တော်တို့တော့ အတုပ်မခံရ၊ ပျားအုံမှ လွတ်သည်နှင့် ပျားတုပ်ခံရသော ညီလေးဆီပြေးသည်။ ခါးတွင် ချိတ်ထားသော ဆေးအိတ်ထဲမှ ဇာကနာကို ထုတ်၍ ပါးမှ အဆိပ်ဆူးချိတ်နှစ်ချောင်းကို နုတ်သည်။ ပြီးလျှင် စုပ်ခွက်ဆရင်းဖြင့် အဆိပ်ထုတ်သည်။ ကျွန်တော်ဆောင်ရွက်အပြီး ဆေးအဖွဲ့က ဆက်၍ ဆောင်ရွက်သည်။ ပထမဆုံးနေ့မှာပင် ပျားကြီးများအကြောင်း သိလာရပြီ။ တော်သေးသည်။ ဆေးအိတ်ထဲတွင် မီးခြစ်ကအစ အစုံပါခဲ့သည်။ စခန်းသို့ ပြန်ရောက်သော် ပျားတုပ်လူနာတစ်ကိုယ်လုံး အပူချိန်များ တက်လာသည်။ မျက်နှာလည်း ယောင်ကိုင်းနေသည်။ ဖျားပြီ။ ထိုရဲဘော် ၃ ရက်တိတိ ဖျားသည်။ အတော်ခံလိုက်ရသည်။ ပျားဆိပ်နှင့်မတည့်သူဆိုလျှင် အသက်ပင် ဆုံးရှုံးနိုင်ကြောင်း သစ်တောအရာရှိက ပြောပြသည်။

သစ်တောစိုက်ကွက်ဆင်း ပထမနေ့မှာပင် ပျားကြီးများနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ မိန်းကလေးများက ကြောက်၍မဆုံး၊ ပထမဆုံးနေ့မှာပင် တောထဲမှာ သဘာဝအန္တရာယ်ကို ကြုံခဲ့ရပြီ၊ နောက်နေ့များတွင် သတိကြီးစွာ ထားရပေတော့မည်။**(ဆက်လက်ဖော်ပြပါမည်)**

## ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ဆင့်ပွားသင်တန်း(၁/၂၀၂၄) ကျင်းပ



**ကလော ဇူလိုင် ၇**

ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ ရှင်သန်ခိုင်မာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဇူလိုင် ၅ရက် နံနက် ၉ နာရီ ခွဲက ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆင့်ပွားသင်တန်း(၁/၂၀၂၄) အခမ်းအနားကျင်းပလျက်ရှိရာ ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ကလောမြို့နယ်ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက် ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆင့်ပွားသင်တန်း ကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့ပြီး ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်ဇော်ထွေးက ရပ်ကွက်၊ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆင့်ပွားသင်တန်းသို့ တက်ရောက်လာကြသူများအား စာကြည့်တိုက် စီမံခန့်ခွဲမှု လက်စွဲစာစောင်ပါအတိုင်း စာကြည့်တိုက်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား သင်တန်းတွင် ပို့ချခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် စာကြည့်တိုက် တာဝန်ခံများက စာကြည့်တိုက်တွင် ဆောင်ရွက်ရမည့် အခြေအနေများနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင် ရရှိစေရေးအတွက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**

## ထီဆုမဲပေါင်း(၁၃၀၀၀)ကျော် ထုတ်ယူခြင်းမရှိသေး၍ ဇူလိုင်လကုန်ရက် နောက်ဆုံးထားထုတ်ယူရမည်ဟုဆို




**မန္တလေး ဇူလိုင် ၇**

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ လစဉ်ဖွင့်လှစ်သည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်က ဖွင့်လှစ်ခဲ့သည့် ၅၃ ကြိမ်မြောက်မှ ဆုမဲပေါင်း ၁၃၃၀၆ ဆုမှာ ယနေ့တိုင် ထုတ်ယူခြင်းမရှိသေးသဖြင့် ဆုမဲပေါက်သူများသည် ဇူလိုင် ၃၁ ရက် နောက်ဆုံးထား ထုတ်ယူကြရန်လိုကြောင်း သိရသည်။

"၅၃ ကြိမ်မြောက် ကျပ်တစ်ထောင်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှာ ထီဆုပေါင်း ၁၃၃၀၆ ဆုက ယနေ့ထိ လာရောက်ထုတ်ယူခြင်းမရှိသေးဘူး။ ဆုမဲပေါက်သူတွေ သိရှိအောင် ၅၃ ကြိမ်မြာက် ထီပေါက်စဉ်ကို ထပ်မံ ကြေညာပေးထားတယ်။ သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူရမှာပါ"ဟု အောင်ဘာလေသိန်းဆုဌာနခွဲ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထီဆုမဲပေါက်သူများသည် သတ်မှတ်သည့်ရက်တွင် ထုတ်ယူခြင်းမရှိပါက အခွန်ဘဏ္ဍာငွေအဖြစ် သိမ်းယူသွားမည်ဖြစ်ကြောင်း၊ လာရောက်ထုတ်ယူခြင်းမရှိသေးသော ဆုမဲများမှာ ငွေကျပ် သိန်း ၂၀၀ ဆု တစ်ဆု၊ သိန်း ၁၀၀ ဆု နှစ်ဆု၊ ငွေကျပ် သိန်း ၅၀ ဆု သုံးဆု၊ ငွေကျပ် သိန်း ၂၀ ဆု သုံးဆု၊ ငွေကျပ် ၁၀ သိန်းဆု သုံးဆုတို့ဖြစ်သည်။

ထို့အပြင် ငွေကျပ် သုံးသိန်းဆု ငါးဆု၊ ငွေကျပ် တစ်သိန်းဆု ၁၂၀၅ ဆု၊ ငွေကျပ် ငါးသောင်းဆု ၇၀၈ ဆု၊ ငွေကျပ် တစ်သောင်းဆု ၁၁၃၇၆ ဆု စုစုပေါင်း ၁၃၃၀၆ ဆုဖြစ်ရာ ဆုရထီလက်မှတ်များတင်ပြ၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် ဆုငွေများ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**

## မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်စိုက်ပျိုးသည့် တောင်သူများအား မျိုးစေ့၊ သွင်းအားစုများထောက်ပံ့ပေးအပ်

**မိုင်းဖြတ် ဇူလိုင် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက် မျိုးစေ့နှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်က နိုင်ငံတော်အစိုးရမှ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ထောက်ပံ့ပေးအပ်လျက်ရှိရာ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနည်းပညာများကို ရယူ၍ လက်တွေ့ကျကျ အသုံးချခြင်းဖြင့် မိသားစုဝင်ငွေများ တိုးပွားရရှိစေရေးအတွက် လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က စံပြကွက်များအတွက် မျိုးစေ့နှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ ထွန်းဇော်ဝင်းက ဒေသတွင်းစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက တောင်သူ ၂၂ ဦးအတွက် မျိုးစေ့ထုတ်(ရွှေရင်အေး) ၂၀ဧက၊ စံပြကွက် ၁၀ ဧက၊ နေကြာမျိုးစေ့ထုတ် တစ်ဧက၊ ကွန်ပေါင်းဓာတ်မြေဩဇာ ၃၁ အိတ်၊ ယူရီးယားဓာတ်မြေဩဇာ ၃၁ အိတ်နှင့် မျိုးစေ့ချကိရိယာ လေးခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အောင်လံ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ၂၀၂၄ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ရက် နံနက် ၇ နာရီက အောင်လံမြို့ သီတဂူ ဇေတဝိက ဝိပဿနာဗုဒ္ဓတက္ကသိုလ်ကျောင်းဝင်း၌ ကျင်းပခဲ့သည်။

ဦးစွာ အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းက ခရိုင်ပညာရေးမှူး ဦးချစ်လွင်ထံ ပျိုးပင်များ စိုက်ပျိုးရန် ပေးအပ်ခဲ့သည်။ ထို့နောက် အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အတူ ကျွန်း ၅၀၊ မဲဇလီ ၅၀၊ တမာ ၅၀၊ မြန်မာကုက္ကို ၅၀၊ ယင်းမာ ၅၀၊ အရိပ်ရအပင်မျိုးစုံ ပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**



သစ်ပင်စိုက်ပါ

တို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ။

## ကသာမြို့သို့ ရောက်ရှိလာသော ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ကျော်လွန်ရာမှ ရပ်တန့်

**ကသာ ဇူလိုင် ၇**

ကသာမြို့သို့ ရောက်ရှိလာသော ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ကျော်လွန်ရာမှ ဇူလိုင် ၆ ရက်တွင် ရပ်တန့်ခဲ့သည်။

"မြစ်ကမ်းနံဘေး နေထိုင်သူများက မြစ်ရေတိုးတာ အရမ်းမြန်တယ်။ အိမ်မွေးတိရစ္ဆာန်ကြက်၊ ဝက်တွေကို ရေလွတ်ရာကုန်းကို ရွှေ့ပြောင်းထားရတယ်။ အချိန်တန် အစာသွားကျွေးရတာလည်း ဒုက္ခတစ်ခုဖြစ်ပြီး စားရေး၊ သောက်ရေး ဈေးသွားတာကအစ ဒုက္ခဖြစ်တယ်။ ရေဆက်ကြီးလာပါက အခြားနေရာရွှေ့ဖို့ စဉ်းစားနေကာ ချက်ပြုတ်စားသောက်ဖို့ ထင်းက လောက်ငှမှုမရှိတော့ ပိုစိတ်ဆင်းရဲဖြစ်ရတယ်။ ယနေ့ မြစ်ရေ ရပ်တန့်သွားတော့ ရေဆက်ကျတော့မယ့်အရိပ်မို့ စိတ်သက်သာရာရရှိပါတယ်"ဟု နေအိမ်ရေဝင်ရောက်ခံရသူတစ်ဦးက ပြောသည်။ **(အောက်ပုံ)**

ဧရာကမ်းသာလူမှုကူညီရေးအဖွဲ့များက ရေဘေးလွတ်ရာသို့ ပစ္စည်းများရွှေ့ပြောင်းလိုပါက ဆက်သွယ်အသိပေး နှိုးဆော်ခြင်း၊ ရွှေ့ပြောင်းကူညီပေးခြင်း၊ သောက်သုံးရေသန့်ဘူးများ ပံ့ပိုးကူညီလှူဒါန်းပေးလျက်ရှိကြောင်းနှင့် သစ်ပင်ချစ်သူများအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥ ၁၀ လုံး၊ ဆီ ၂၅ သားတစ်ဘူး၊ မာမားခေါက်ဆွဲခြောက် ၊ ဟင်းချိုမှုန့်ထုတ် ၁၅ ကျပ်သား၊ ငပိထောင်းဘူးတစ်ဘူး ပံ့ပိုးထောက်ပံ့ပေးခြင်း ကသာမြို့ပေါ် မြေနိမ့်ပိုင်းရေဝင်ရောက်သော နေအိမ်များကို လိုက်လံ ပေးဝေလှူဒါန်းခြင်းပြုလုပ်လျက်ရှိသည်။

ကသာမြို့ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာရှိပြီး ဇူလိုင် ၆ရက် မွန်းလွဲ ၁၂ နာရီခွဲက မြစ်ရေသည် ၁၁၀၆ စင်တီမီတာ ရောက်ရှိ၍ ရပ်တန့်နေလျက်ရှိရာ နောက်ရက်များ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားရေးဦးစီးဌာနမှ ကြေညာထားရှိကြောင်း သိရသည်။ **(၄၅၇)**



# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြို့င်နှင့်အတူ ဇူလိုင် ၅ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ လေယာဉ်ကွင်းအဆင့်မြှင့်တင်ရေး လေ့လာဆန်းစစ်မှု အခြေအနေများကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စု ဝန်ကြီးက ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ်လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြို့င်၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၆ ရက် နံနက်ပိုင်းက မြန်မာ့မီးရထား မန္တလေးဘူတာကြီးသို့ ရောက်ရှိကြရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရထားသွားလာရေးလုပ်ငန်းများ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း အခြေအနေများကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မန္တလေးဘူတာကြီးယာဒ်ဝင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဘူတာကြီး၌ တပ်ဆင်ထားသော လုံခြုံရေးစနစ်ကို အချိန်ပြည့် ထိရောက်စွာ စောင့်ကြည့်ထိန်းချုပ်မှု ရရှိနိုင်ရေးအတွက် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ကိုင်တွယ်၊ ထိန်းချုပ်မှုကို ဆောင်ရွက်ရေး၊ မြန်မာ့မီးရထားနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့ ညှိနှိုင်း၍ ရထားဖြင့် ချောစာပို့လုပ်ငန်း ပိုမိုထိရောက်စွာ ပို့ဆောင်ရေး၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စများကို အထူးဂရုပြုဆောင်ရွက်ပေးရေး လိုအပ်ချက်များကို မှာကြားကာ ဘူတာယာဒ်ဝင်းအတွင်း ပလက်ဖောင်းအမြင့်မြှင့်တင်ခြင်းကိစ္စ၊ တွဲပြင်ရုံနှင့် ပါဆယ်ရုံတို့၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်း၌ မန္တလေးမြို့တွင် အခြေစိုက်၍ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းကောင်းများ ပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ ဌာနအလိုက်ရုံးများ၊ အိမ်ရာများ၌ ဝန်ထမ်းများနှင့် မိသားစုများ၏ လိုအပ်ချက်များကိုသိရှိအောင် အစဉ်အမြဲစစ်ဆေး၍ ဖြည့်ဆည်းပေးနိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာအောင် လေ့ကျင့်ပေးရေးတို့ကို မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ငယ်ရှိ မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအမှတ်(၃) လုပ်ငန်းခွင်နေရာ၌ စက်ရုံဝန်ထမ်းများနှင့် အတူတကွ နေ့လယ်စာကို သုံးဆောင်သည်။

ဆက်လက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများပီသစွာဖြင့် မိမိဌာန၏လုပ်ငန်းရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော် စွမ်းဆောင်နိုင်ရေး၊ စာကြည့်တိုက်များ၌ လုပ်ငန်းနှင့် သက်ဆိုင်သည့် ဘာသာရပ် စာအုပ်စာပေများကို ထားရှိ စီစဉ်ပေးပြီး ဝန်ထမ်းများ ဖတ်ရှုလေ့လာ၊ အသိပညာ ဗဟုသုတတိုးပွားစေရေး၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းပြီး စနစ်တကျရှိစေရန်စစ်ဆေး၍ လိုအပ်သည့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးတို့ကိုမှာကြားကာ စက်ရုံဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် စက်ရုံမှူး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း လူစီးတွဲများ မွမ်းမံပြင်ဆင်မှု၊ ကုန်သေတ္တာတင် ကွန်တိန်နာတွဲများ တည်ဆောက်ပြီးစီးမှု လုပ်ငန်းခွင်များသို့ လှည့်လည် ကြည့်ရှုကာ တွဲတည်ဆောက်ရေး လုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်းအမျိုးအမည်များ စုံလင်စွာဝယ်ယူစုဆောင်းရရှိနိုင်ရေး မှာကြားသည်။

ယင်းနောက် မြစ်ငယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသနေသည့် ဝန်ထမ်းလူနာများကိုနှုတ်ဆက်အားပေး၍စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်ပြီး ဆေးရုံသုံးပစ္စည်းများရရှိမှု၊ အသုံးပြုနိုင်မှု အခြေအနေများကို စစ်ဆေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် မန္တလေးဘူတာကြီးမှ RBE ရထားဖြင့် စီးနင်းလိုက်ပါပြီး မန္တလေး-သာစည်မှ တစ်ဆင့် မိတ္ထီလာဘူတာအထိ ရထားလမ်းပိုင်း၏ သံလမ်း၊ တာပေါင်များနှင့် တံတားများ ကြံ့ခိုင်မှုအခြေအနေ၊ ဘူတာများသန့်ရှင်းမှုနှင့် စနစ်တကျရှိမှု၊ ရထားလမ်းနှင့်ကားလမ်း ကူးနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကာ ရထားအမြန်နှုန်း မြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များထွက်ပေါ်



ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်အသင်းနှင့် ပြင်သစ်အသင်းက ဇူလိုင် ၁၀ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်အချိန်တွင်လည်းကောင်း၊ နယ်သာလန်အသင်းနှင့် အင်္ဂလန်အသင်းက ဇူလိုင် ၁၁ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်အချိန်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များထွက်ပေါ်

၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားအသင်းနှင့် ကနေဒါ အသင်းက ဇူလိုင် ၁၀ရက် နံနက် ၆နာရီ ၃၀မိနစ်တွင်လည်းကောင်း၊ ဥရုဂွေးအသင်းနှင့် ကိုလံဘီယာအသင်းက ဇူလိုင် ၁၁ရက် နံနက် ၆နာရီ ၃၀မိနစ်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

## ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့

Myanmar National League 2024/2025 အမှတ်ပေးဘောလုံးရာသီကို ဇူလိုင် ၆ ရက်က စတင်ကျင်းပနေပြီဖြစ်ပြီး ဇူလိုင် ၇ ရက်တွင် ပွဲစဉ်(၁)ဒုတိယနေ့၏ နယ်ကွင်းပွဲစဉ်တစ်ပွဲအဖြစ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းယူနိုက်တက်နှင့် မြဝတီအသင်းတို့မှ နစ်ဖက်အသင်းတာဝန်ရှိသူများနှင့် ပရိသတ်များ တက်ရောက်အားပေးခဲ့ကြပြီး ရှမ်းယူနိုက်တက်က တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဇူလိုင် ၇ ရက်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို မှာခ်ဆာကီ၏ သွင်းဂိုးတစ်ဂိုး တည်းဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲဦးထွက်ရမှတ်ပြည့် ရရှိသွားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် Myanmar National League 2024/2025 Week-2 တွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**(NGB)**

